# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်၊ သောကြာနေ့။ Friday, 28 October 2022 ၁၀၉၀၂


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တပ်မတော်သားတို့သည် ၂၄ နာရီ ပေးအပ်လာသော အမိန့်နှင့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နေရသည်ဖြစ်၍ ကျန်းမာသောနေထိုင်စားသောက်မှုပုံစံ မှန်ကန်စွာနေထိုင်ရေးအတွက် ကိုယ်စီဂရုစိုက်နေထိုင်သွားကြရန်လို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မင်္ဂလာဒုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် မင်္ဂလာဒုံတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တပ်နယ်ခန်းမတွင် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အမှာစကားပြောကြားရာတွင် တပ်မတော်(လေ) အနေဖြင့် နိုင်ငံတော်၏ ခရီးသွားလာမှု အစိတ်အပိုင်းတစ်ခု ဖြစ်သည့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂**

**ယနေ့ ဖတ်စရာ**


PDF ဂိမ်းထောင်ချောက်တွင် ကိုယ့်ကိုယ်ကိုယ် မနှစ်မိပါစေနှင့် ...

ဆောင်းပါး စာမျက်နှာ » ၆

မြန်မာနိုင်ငံစာရေးဆရာအသင်း၏ (၃၅)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ

ဆောင်းပါး စာမျက်နှာ » ၁၈

မိဘပြည်သူများသို့ အသိပေးထုတ်ပြန်ချက်

စာမျက်နှာ » ၁၀



အမေရိကန်နိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူပေါင်း ၂၈၀၀၀ ကျော်ရှိလာ

စာမျက်နှာ » ၁၃




အခန်းဆက် ဝတ္ထုရှည်

စာမျက်နှာ » ၂၁

ကြေးမုံ

# ပကတိအခြေအနေမှန်ကိုရှုမြင် အားမာန်အပြည့်ဖြင့်တက်လှမ်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်ရာ၌ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ဖြင့် ဖော်ဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ စတင်ဖြစ်ပွားသည့်ကာလတွင် အကျပ်အတည်းများ ရှိခဲ့ပြီးနောက် ကိုဗစ်–၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားပြီး ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲညီညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ကြသဖြင့် အခက်အခဲများကို အောင်မြင်စွာကျော်ဖြတ်ခဲ့သည်။

ကိုဗစ်–၁၉ ကာကွယ်ဆေးရရှိရေးကို ပြည်ပနိုင်ငံများမှ အမြန်ဆုံးရရှိရေး ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး တာဝန်သိပြည်သူများ၏ ဝိုင်းဝန်းကူညီမှု၊ စည်းကမ်းလိုက်နာမှုများဖြင့် အခက်အခဲများ၊ လိုအပ်ချက်များကို ဖြေရှင်းနိုင်ခဲ့သည်။ မြန်မာနိုင်ငံသည် ရေခံမြေခံကောင်းများရှိပြီး စားရေရိက္ခာပေါများသောနိုင်ငံဖြစ်သည်။ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားချိန်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက်ဆောင်ရွက်နိုင်သောကြောင့် စားရေရိက္ခာများ လုံလောက်အောင်ရှိခဲ့သည်။ ယခုအခါတွင် မြန်မာနိုင်ငံ၏ စီးပွားရေးသည် တိုးတက်ကောင်းမွန်လာသည့် အရွေ့ဘက်သို့ရောက်ရှိလာပြီဖြစ်၍ တိုင်းပြည်တည်ငြိမ်အေးချမ်း၊ သာယာဝပြောရေးကို ဆက်လက်ဆောင်ရွက်နေသည်။

တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်ရာတွင် နိုင်ငံရေးကို အကြောင်းပြု၍ ပေါ်ပေါက်လာသော အကြမ်းဖက်အဖျက်သမားများ၏ နှောင့်ယှက်ဖျက်ဆီးမှုများနှင့်ကြုံတွေ့ရသည်။ ထို့အပြင် အစွန်းရောက်နိုင်ငံရေးသမား၊ အကြမ်းဖက်သမားများနှင့် အပေါင်းပါနိုင်ငံအချို့နှင့်အဖွဲ့အစည်းများက မြန်မာနိုင်ငံ၏ ပကတိဖြစ်ရပ်မှန်အခြေအနေများကို မျက်ကွက်ပြု၍ ဖြစ်ရပ်အမှန်ကို ပြောင်းပြန်လုပ်ကာ အကြမ်းဖက်အဖွဲ့များဘက်မှ ရပ်တည်ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အခြေအနေမှန်များကို မသိရှိစေရန်အတွက် ဆောင်ရွက်နေမှုများတွင် ပြည်ပလက်ဝေခံမီဒီယာများက အဓိကဆောင်ရွက်လျက်ရှိသည်။ ပြည်သူများအား အဆိပ်အတောက်သတင်းမှိုင်းမိစေပြီး စိတ်မသက်မသာဖြစ်စေရန်အတွက် တစိုက်မတ်မတ်ဆောင်ရွက်နေသည်။

နိုင်ငံရေးနှင့်စီးပွားရေးသည် ဆက်စပ်လျက်ရှိပြီး ကုလသမဂ္ဂတွင်လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ အာဆီယံမျက်နှာစာတွင်လည်းကောင်း မြန်မာနိုင်ငံအပေါ် နိုင်ငံရေး၊ စီးပွားရေးအရ ဖိအားအမျိုးမျိုးပေးလျက်ရှိသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးသည် စိုက်ပျိုးရေးကို အခြေခံထားသည်နှင့်အညီ မြန်မာနိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်ကုန်၏ ၂၃ ဒသမ ၇ ရာခိုင်နှုန်း၊ ပြည်ပပို့ကုန်မှရငွေ ၃၅ ရာခိုင်နှုန်းရှိပြီး ကျေးလက်ဒေသရှိ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် လယ်ယာလုပ်ငန်းခွင်များတွင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍမှ ပြည်ပတင်ပို့မှုကျဆင်းခြင်းမရှိဘဲ ဆန်တန်ချိန် ၁ ဒသမ ၉ သန်း၊ ပဲမျိုးစုံ တန်ချိန် ၁ ဒသမ ၈၇ သန်း၊ ပြောင်းတန်ချိန် ၂ ဒသမ ၆ သန်း၊ နှမ်းတန်ချိန် သုည ဒသမ ၃ သန်းနှင့် ရေထွက်ပစ္စည်းတန်ချိန် သုည ဒသမ ၆ သန်းတို့ကို တင်ပို့နိုင်ခဲ့သည်။ အဆိုပါဆောင်ရွက်နိုင်မှုများသည် အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍနှစ်ခု ဆောင်ရွက်နိုင်မှု ပကတိအခြေအနေမှန်များဖြစ်သည်။

အာဆီယံအသိုင်းအဝိုင်းတွင် နိုင်ငံရေးအရ ဖိအားပေးမှုများ၊ စွက်ဖက်မှုများ ရှိနေသော်လည်း မိတ်ဆွေနိုင်ငံများနှင့် ဆက်ဆံပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အာဆီယံ + ၃ ထိပ်သီးအစည်းအဝေးတွင် အာဆီယံနိုင်ငံများအကြား စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အာဆီယံနိုင်ငံများရှိ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် + ၃ နိုင်ငံများဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့က နည်းပညာများ ကူညီပံ့ပိုးပေးလျက်ရှိသည်။ အာဆီယံ + ၃ ဆန်အရန်ရိက္ခာထားရှိရေး သဘောတူညီချက်အစီအစဉ်အရ ကိုရီးယားသမ္မတနိုင်ငံကလှူဒါန်းသည့် ဆန်တန်ချိန် ၆၀၀ အား မြန်မာနိုင်ငံတွင်သိုလှောင်ရန် ကမ်းလှမ်းလာမှုကို ကြိုဆိုရမည်ဖြစ်သည်။ အာဆီယံ–အိန္ဒိယ ထိပ်သီးအစည်းအဝေးများတွင်လည်း စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်ရေးကို အကောင်အထည်ဖော်လျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် နိုင်ငံတော်အစိုးရနှင့်ပြည်သူများ ပူးပေါင်းလက်တွဲကြိုးပမ်းဆောင်ရွက်မှုကြောင့် အောင်မြင်တိုးတက်မှုများရရှိနေပြီး ပကတိအခြေအနေမှန်များကိုဖုံးကွယ်၍ နိုင်ငံတကာမှ အထင်အမြင်လွဲမှားအောင် မသမာသူအဖျက်သမားများက ကြံစည်လုပ်ဆောင်နေကြသော်လည်း မြန်မာနိုင်ငံ၏ စည်းလုံးညီညွတ်မှုနှင့်မိတ်ဆွေနိုင်ငံများ၏ ပူးပေါင်းကူညီမှုဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အားမာန်အပြည့်ဖြင့် ဆက်လက်တက်လှမ်းနေမည်ဖြစ်ပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၂၇

ကိုဗစ် – ၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန်ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ဉာဏဂုဏ်ရည် ပရိယတ္တိစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ တောင်ပေါက်နီးဘုရားကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ရွှေဘုန်းရိပ်ကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာသီရိကျောင်းတိုက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ ဝိဇာတဇိမာန်မိုးကုတ်ကျောင်းတိုက်နှင့် သာကေတမြို့နယ်ရှိ ဟသံာတအတွင်းပတ္တမြားပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဟိုခုံပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်ရှိ အဝေရာရာမရန်ကင်းကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ဝေဠုဝန်တိုက်သစ်ကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ပညာမဏ္ဍိုင်ပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ရသေ့တောင်ကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ ကန်မိန်းပရိယတ္တိစာသင်တိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## အင်းတော်မြို့နယ်၌ မိုးစပါး မျိုးစေ့ထုတ်စိုက်ခင်း စံကွက်ရိတ်သိမ်းပွဲအခမ်းအနား ကျင်းပ



အင်းတော် အောက်တိုဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နန့်ခင်ကျေးရွာအုပ်စု ကြာအင်းကျေးရွာ တောင်သူ ဦးကြည်သာဖြိုး၏ ဦးပိုင်အမှတ် ၇၆ တွင်စိုက်ပျိုးထားသော မိုးစပါး မျိုးစေ့ထုတ် ဆင်းရေး – ၃ စိုက်ခင်း စံကွက်ရိတ်သိမ်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ကျင်းပသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ အင်းတော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖုန်ကရိန်နှင့် အဖွဲ့ဝင်များ၊ အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အကျိုးဆောင်တောင်သူနှင့် မျိုးစေ့ထုတ်တောင်သူများစုစုပေါင်း ၂၂ ဦးတို့ တက်ရောက်ခဲ့သည်။

အင်းတော်မြို့နယ်အနေဖြင့် မိုးစပါး မျိုးစေ့ထုတ်ကွက် ၆၆ ပေ x ၆၆ လက်မ စံကွက်ရိတ်သိမ်းရာ တစ်ဧကလျှင် တင်း ၁၀၀ ထွက်ရှိခဲ့ကြောင်း သိရသည်။

အေးမြသက်ထား

■

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၇ – ၁၀ –၂၀၂၂)

| ကုမ္ပဏီ အမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၄၀၀ | ၉,၄၀၀ | ၁ | ၉,၄၀၀ |
| MTSH | ၃,၄၀၀ | ၃,၄၀၀ | ၆,၈၉၅ | ၂၃,၄၄၃,၀၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၀ | ၀ |
| FPB | ၂၀,၀၀၀ | ၂၀,၀၀၀ | ၃၄၂ | ၆,၈၄၀,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၀ | ၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၂၁၈ | ၅၈၈,၆၀၀ |
| AMATA | ၅,၀၀၀ | ၅,၁၀၀ | ၆၁ | ၃၀၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် အောက်တိုဘာ ၂၇

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၁၀၈.၄ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၉၀.၁၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၅.၄၈၉ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၄၅.၃၉ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၄၆၃ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၅၆.၂ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၄၉၀.၁ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၄၃၄.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၇.၇၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် – ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မင်္ဂလာဒုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မင်္ဂလာဒုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မင်္ဂလာဒုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်စဉ်။

✪ ရှေ့ဖုံးမှ

လေကြောင်းပို့ဆောင်ရေးလုပ်ငန်းကို အရေးပေါ်ကာလအတွင်း ရပ်တန့်မှုမရှိအောင် အကောင်းဆုံးအားဖြည့်ကြိုးပမ်း လုပ်ဆောင်ခဲ့မှုအတွက် အသိအမှတ်ပြုမှတ်တမ်းတင်မှုအခြေအနေများ၊ ကောင်းမွန်သောမှတ်တမ်းများအား နောင်လာနောက်သားများအတွက် လက်ဆင့်ကမ်းအမွေအဖြစ် ထားပေးရန်လိုသော အခြေအနေများ၊ နိုင်ငံ၏ ဖြစ်ပေါ်နေသော ပကတိအခြေအနေမှန်ကို မျက်ကွယ်ပြု၍ တပ်မတော်၏ အမျိုးသားရေးတာဝန်အရလုပ်ဆောင်မှုများအပေါ်နှင့် Institution အရ ခိုင်မာသည့်တပ်မတော်အပေါ် သွေးခွဲရန်ကြိုးပမ်းနေသည့် အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အားလုံးသိရှိပြီးဖြစ်သည့် မဲမသမာမှုဖြစ်စဉ် ဖြစ်ပေါ်ခဲ့၍ တာဝန်ရှိသူများကို ဖြေရှင်းပေးရန် တပ်မတော်သာမက နိုင်ငံရေးပါတီများ၏ တောင်းဆိုမှုများကို လျစ်လျူရှု၍ နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့် ရယူရန် ကြိုးစားလာသဖြင့် တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းခဲ့ရသည့် အခြေအနေများ၊ လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် အခြေခံကျသော မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းများ စနစ်တကျမှန်ကန်ရန် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မတရားရယူရန် ကြံစည်ထားသည့်အာဏာကိုလက်လွှတ်ခဲ့ရမှုနှင့်ပတ်သက်၍ ကျေနပ်မှုမရှိသဖြင့် NUG ၊ CRPH ၊ PDF အကြမ်းဖက်အဖွဲ့များ ဖွဲ့စည်းပြီး အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လာသည့် အခြေအနေများ၊ အပြစ်မဲ့ပြည်သူများ၊ သီလရှင်နှင့် သံဃာတော်များ၊ ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ အရပ်သူ၊ အရပ်သားများအပေါ် ဒလန်ဟုစွပ်စွဲ၍ လူမဆန် ရက်စက်စွာ သတ်ဖြတ်နေသော NUG၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက်သူများအား ပြည်သူ့အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်တာဝန်ရှိသော တပ်မတော်အနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်နေသည့်အခြေအနေများ၊ ပကတိအမှန်တရားကို မှန်ကန်စွာဆင်ခြင်သုံးသပ်မှုမပြုဘဲ တပ်မတော်၏ နိုင်ငံတော်တာဝန် ခေတ္တထိန်းသိမ်းမှုအပေါ် မလိုလားသော ပြည်ပနိုင်ငံကြီးအချို့အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အုပ်ချုပ်ရေးယန္တရား ထိခိုက်ပျက်ပြားစေရန် ဘက်ပေါင်းစုံမှ ထိုးနှက်တိုက်ခိုက်နေသည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ အမျိုးသားရည်မှန်းချက် (၂)ရပ်အဖြစ် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးနှင့် နိုင်ငံရေးလုပ်ငန်းစဉ် (၂)ရပ်အဖြစ် စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးတို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း အကြောင်းအရင်းနှင့် ဆောင်ရွက်နေမှု အခြေအနေများ၊ နိုင်ငံတော်၏ လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ လူမှုရေး၊ နိုင်ငံတကာဆက်ဆံရေး ဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ နိုင်ငံတော်ဝန်ကြီးချုပ် အနေဖြင့် နိုင်ငံ့စီးပွားကို မြှင့်တင်နိုင်ရန် နိုင်ငံစီးပွားရေး၏ အခြေခံဖြစ်သော စိုက်ပျိုးမွေးမြူရေးနှင့် MSME ကဏ္ဍများကို အားပေးမြှင့်တင်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ ထာဝရ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ယူချိန်မှစပြီး စားရေရိက္ခာ ပြည့်ဝဖူလုံရေးအတွက် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးကို မူဝါဒများ ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သဖြင့် တပ်တွင်းစားဝတ်နေရေးကို အဆင်ပြေစေပြီး ဖူလုံပိုလျှံသောထွက်ကုန်များကို ဒေသခံပြည်သူများသို့ သက်သာသော နှုန်းထားများဖြင့် ရောင်းချနိုင်ခဲ့သည့် အခြေအနေများ၊ စစ်သည်၊ မိသားစုဝင်များအတွက် စားရေး၊ နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ ပို့ဆောင်ရေးများတွင် သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ တပ်မတော်သားတို့သည် ၂၄ နာရီပေးအပ်လာသော အမိန့်နှင့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နေရသည်ဖြစ်၍ ကိုယ်၊ စိတ်ကျန်းမာကြံ့ခိုင်နေရေးအတွက် ကျန်းမာသောနေထိုင်စားသောက်မှုပုံစံ မှန်ကန်စွာနေထိုင်ရေးအတွက် ကိုယ်စီဂရုစိုက်နေထိုင်သွားကြရန် လိုအပ်သည့် အခြေအနေများ၊ တပ်တည်ဆောက်ရေးလုပ်ငန်းကြီး (၄)ရပ်နှင့် တပ်နေပျော်ရေးတို့ကို အဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအနေဖြင့် အသိမှန်မှ အလုပ်မှန်မည်ဖြစ်၍ အသိမှန်စေရေး အသေးစိတ်ရှင်းလင်းမှာကြားခဲ့ပြီး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တစ်ဦးချင်း တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)သည် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံရယူကြသည်။

တွေ့ဆုံပွဲများ အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်ရေး အဘက်ဘက်မှကြိုးပမ်းနေရချိန်ဖြစ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိခြင်းဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်

## သီလဝါအထူးစီးပွားရေးဇုန်၌ ယနေ့အထိ နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ကုမ္ပဏီပေါင်း ၁၁၄ ခု လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများအား သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

### ရှင်းလင်းတင်ပြ

ဦးစွာ သီလဝါအထူးစီးပွားရေးဇုန်ဖြစ်ပေါ်တိုးတက်မှုနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲနိုင်ထွန်းက ရှင်းလင်းတင်ပြပြီး သီလဝါ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သီလဝါအထူးစီးပွားရေးဇုန်မှ ထုတ်လုပ်သော ကုန်ပစ္စည်းများအား ကြည့်ရှုစဉ်။

အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗီဒီယိုဖိုင်ကိုပြသည်။ ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက သီလဝါအထူးစီးပွားရေးဇုန် လက်ရှိဆောင်ရွက်နေမှုအခြေအနေများ၊ တွေ့ကြုံရသော အခက်အခဲများအပေါ် နိုင်ငံတော်က ဖြေရှင်းဆောင်ရွက်ပေးမှုအခြေအနေများ၊ လုပ်ငန်းဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက အထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံကာ လုပ်ငန်းများ ဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြကြသည်။

### ကြိုးပမ်းဆောင်ရွက်

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက တင်ပြချက်များအပေါ် လိုအပ်သည့် အချက်များအလိုက် ပြန်လည်ရှင်းလင်း ညှိနှိုင်းပြီးနောက် အမှာစကားပြောကြားရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် တတိယအချက် ဖြစ်သော ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်ဟူသည့်အချက်ကို သီလဝါအထူးစီးပွားရေးဇုန်ကလည်း တစ်စိတ်တစ်ပိုင်းအကောင်အထည်ဖော်နေမှုပင်ဖြစ်ကြောင်း၊ ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြစ်သည့် နိုင်ငံ့စီးပွားရေးအတွက် ထုတ်ကုန်တိုးမြှင့်ထုတ်လုပ်နိုင်ရန်နှင့် ပို့ကုန်တိုးမြှင့်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် ကျောက်ဖြူ ထားဝယ် SEZ များလည်း အလားတူ အမြန်ဆုံးအောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ လာရောက်ရင်းနှီးမြှုပ်နှံသည့်နိုင်ငံများမှ ကုမ္ပဏီများ၏ ယုံကြည်မှုရရှိနေအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force–FATF) ၏ ထုတ်ပြန်ချက်နှင့်ပတ်သက်၍ ဗဟိုဘဏ်ကလည်း တရားဝင် ရှင်းလင်းထားပြီးဖြစ်၍ ပုံမှန်ငွေကြေးစီးဆင်းမှုနှင့် နိုင်ငံစီးပွားရေးပုံမှန်လည်ပတ်နေမှုကို သံသယရှင်းလင်းအောင် လိုအပ်ပါက ဗဟိုဘဏ်မှ နားလည်သူများကို လာရောက်ရှင်းလင်းပြောကြားစေမည်ဖြစ်ကြောင်း၊ FDI များ ပိုမိုဝင်ရောက်လာစေရေး Brochure များကို ရုရှား၊ တရုတ်နှင့် အခြားသော စိတ်ဝင်စားသည့်ဒေသတွင်းနိုင်ငံတို့၏ ဘာသာစကားတို့ဖြင့် ဖြန့်ဝေကြေညာပေးရန်လိုကြောင်း၊ ကျန်ရှိနေသော မြေသိမ်းဆည်းရေးကိစ္စများအား ဥပဒေနှင့်အညီ အမြန်ပြီးစီးစေရေး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကူညီဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ **စာမျက်နှာ ၅ သို့ ✳**

**☆ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် တတိယအချက်ဖြစ်သော ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်ဟူသည့်အချက်ကို သီလဝါအထူးစီးပွားရေးဇုန်ကလည်း တစ်စိတ်တစ်ပိုင်း အကောင်အထည်ဖော်နေမှုပင်ဖြစ်**

**☆ ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြစ်သည့် နိုင်ငံ့စီးပွားရေးအတွက် ထုတ်ကုန်တိုးမြှင့်ထုတ်လုပ်နိုင်ရန်နှင့် ပို့ကုန်တိုးမြှင့်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် ကျောက်ဖြူ ထားဝယ် SEZ များလည်း အလားတူ အမြန်ဆုံးအောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ လာရောက်ရင်းနှီးမြှုပ်နှံသည့်နိုင်ငံများမှ ကုမ္ပဏီများ၏ ယုံကြည်မှုရရှိနေအောင် ဆောင်ရွက်ပေးရန်လို**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ KUBOTA Myanmar Co., Ltd. စက်ရုံ၏ လုပ်ငန်းဆောင်ရွက်မှုများအား လှည့်လည်ကြည့်ရှုစဉ်။

* စာမျက်နှာ ၄ မှ

ရေလုံလောက်စွာ ရရှိရေး မြို့တော်စည်ပင်အနေဖြင့် စီမံပေးထားပြီးဖြစ်ကြောင်း၊ အထူးစီးပွားရေးဇုန်မှလုပ်ငန်းများနှင့် MSME များ ချိတ်ဆက်ပေးရာတွင် မူလ SEZ ၏ ရည်မှန်းချက်နှင့် ကိုက်ညီပြီး နိုင်ငံစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုမည့် ထုတ်ကုန်တိုးမြှင့်ထုတ်လုပ်နိုင်ရေး ရည်ရွယ်ဆောင်ရွက်ရန်နှင့် SEZ ၏ ဥပဒေအရ ကန့်သတ်ချက်များ အပေါ်တွင်လည်း ညှိနှိုင်းဆွေးနွေးဆောင်ရွက်ရန်လိုကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ ဇုန်တစ်ခုလုံးကို လွှမ်းခြုံနိုင်သည့် လုံခြုံရေးစနစ်ဆောင်ရွက်နိုင်ရေး လုံခြုံရေးကုမ္ပဏီများကို တင်ဒါစနစ်ဖြင့် ခေါ်ယူ ဆောင်ရွက်သွားရန်လိုကြောင်း။

**အသိပညာပေးရန်လို**

သီးနှံကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ Value Added ထုတ်လုပ်ရာတွင် နိုင်ငံ၏ဒေသအလိုက် သီးနှံများထွက်ရှိသည့် အချိန်ကာလ မတူညီမှုပေါ်မူတည်၍ ဒေသအလိုက် အစုအဖွဲ့များ၊ အသင်းအဖွဲ့ သမဝါယမပုံစံစုဖွဲ့ချိတ်ဆက်၍ ဆောင်ရွက်ရန်နှင့် သီးနှံများအပေါ် ပိုးသတ်ဆေး ဓာတ်မြေဩဇာများ သုံးစွဲမှုကို စံနှုန်းကိုက်သုံးစွဲရန် အသိပညာပေးရန်လိုကြောင်း၊ SEZ သည် နိုင်ငံတော်၏ စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အဓိကအထောက်အကူပြု၍ နိုင်ငံတော်၏ GDP ၌ လည်းသက်ရောက်လျက်ရှိကြောင်း၊ အောင်မြင်နေသော စံပြဇုန်တစ်ခုဖြစ်၍ အောင်မြင်သထက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ ရှိပြီးသား ကုမ္ပဏီများလုပ်ငန်းပိတ်သိမ်းမှုမရှိစေရေး အတတ်နိုင်ဆုံးလိုအပ်ချက်ကို ပြည့်စုံအောင် ဖြည့်ဆည်းပေးရန်နှင့် ကုမ္ပဏီအသစ်များ ဝင်ရောက်လာရေး ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်ရေး အဘက်ဘက်မှ ကြိုးပမ်းနေရချိန်ဖြစ်၍ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိခြင်းဖြင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်၍ ကျန်ရှိသည့် ဟက်တာများ ပိုမိုရောင်းချနိုင်ရေး ညှိနှိုင်းဆောင်ရွက် ရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် သီလဝါအထူးစီးပွားရေးဇုန်မှ ထုတ်လုပ်သော ကုန်ပစ္စည်းများအား ကြည့်ရှုကြပြီး သီလဝါအထူးစီးပွားရေးဇုန် ဧည့်ခန်းမဆောင်၌ တာဝန်ရှိသူများအား လိုအပ်သည်များမှာ ကြားသည်။

ထို့နောက် သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ KUBOTA Myanmar Co., Ltd. စက်ရုံ၏ လုပ်ငန်း ဆောင်ရွက်မှုများအား လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး သိရှိလိုသည်များ မေးမြန်းကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

သီလဝါအထူးစီးပွားရေးဇုန်၌ ယနေ့အထိ နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ကုမ္ပဏီပေါင်း ၁၁၄ ခု လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဆောင်းရာသီကာလ(၂၀၂၂ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအထိ)အတွက် ယေဘုယျမိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၂၇

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း ငါးကြိမ်ဖြစ်ပေါ်နိုင်ပြီး၊ နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေ**

တနင်္သာရီတိုင်းဒေသကြီးတွင် ရွာသွန်းမှုမှုမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)တို့ တွင် ရွာသွန်းမှုမြဲအောက် လျော့နည်းနိုင်ကာ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)နှင့် ကချင်ပြည်နယ်တို့တွင် ဆောင်းရာသီကာလ ပျမ်းမျှအပူချိန်၏ (၁ ဒသမ ၅)ဒီဂရီစင်တီဂရိတ်နှင့်အထက် ပိုနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဆောင်းရာသီကာလ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မြူအခြေအနေ**

ဆောင်းရာသီကာလအတွင်း ဒေသအလိုက် မြူထူဆိုင်းလေ့ရှိပြီး ကမ်းရိုးတန်းဒေသများ၊ ကုန်းမြင့်နှင့် တောင်တန်းဒေသများတွင် ပိုမိုထူထပ်စွာ မြူထူဆိုင်းတတ်ပါသည်။

### ၂၀၂၂ ခုနှစ် နိုဝင်ဘာလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး၊ တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမှုမြဲအောက် လျော့နည်းနိုင်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန် ပြည်နယ်တို့တွင် ၈ ရက်မှ ၁၂ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် သုံးရက်မှ ခုနစ်ရက်ခန့် မိုးထစ်ချုန်း ရွာနိုင်သည်။

**ညအပူချိန်**

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက် ပိုနိုင်ပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၅ ရက်မှ ၂၀ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် (၉)ရက်မှ ၁၄ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

၂၀၂၂ ခုနှစ် နိုဝင်ဘာလအတွင်း ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူ မြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် လေးပေမှ ရှစ်ပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ကိုးပေမှ ၁၄ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် လေးပေမှ ခြောက်ပေခန့်၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် လေးပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေမှ နှစ်ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် နှစ်ပေမှ လေးပေခွဲခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခွဲခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် နှစ်ပေမှ လေးပေခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့နှင့် ဘားအံမြို့တို့တွင် လေးပေမှ ခြောက်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် နှစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် (၁၀)ပေခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် နှစ်ပေမှ လေးပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် လေးပေခွဲခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် နှစ်ပေမှ သုံးပေခွဲခန့်၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် နှစ်ပေခွဲခန့် လက်ရှိ ရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

**မိုး/ဇလ**

# PDF ဂိမ်းထောင်ချောက်တွင် ကိုယ့်ကိုယ်ကိုယ် မနှစ်မိပါစေနှင့် ...

**စွမ်းပြည့်**

**ယခုအခါ လူငယ်အချို့တွင် PDF ဂိမ်းကစားခြင်း ခေတ်စားနေသည်။ PDF game ဟူသည် အကြမ်းဖက်အားပေးဂိမ်းတစ်ခုဖြစ်သည်။ PDF လူငယ်များက IT အကူအညီရယူ၍ online ကြော်ငြာခြင်း၊ online ဂိမ်းကစားခြင်းသည် ၎င်းတို့၏ အကြမ်းဖက်လုပ်ငန်းများအတွက် အလှူငွေရှာခြင်းနည်းအမျိုးမျိုးအနက် တစ်ခုပင်ဖြစ်သည်။ PDF ဂိမ်းအသစ်တစ်ခုပြီးတစ်ခုထွက်၍ လူများများဆော့နိုင်ရန် အချင်းချင်းမျှဝေကြသည်။ အင်တာနက်ကဲ့သို့ဖြစ်ပြီး ပေးထားသည့် Link ကိုဖွင့်၍ VPN ခံကာ ဒေါင်းလုပ်ဆွဲဆော့ကြရသည့် လက်ကိုင်ဖုန်းဂိမ်းအမျိုးအစားတစ်ခုပင်ဖြစ်ပါသည်။**

## ကစားသည်ထက် ကြော်ငြာကြည့်ရန်ကအဓိက

PDF ဂိမ်းအများစုကို PDF များကပင် ရေးဆွဲထားခြင်းဖြစ်သည်။ ၎င်းဂိမ်းတွင် တပ်ဖွဲ့အသွင်တစ်ခုအနေဖြင့် ပစ်ပုံ၊ ခတ်ပုံ၊ တိုက်ပွဲဝင်ပုံများကို ကနဦးသင်ပေးသည်။ တိုက်ပွဲတစ်ပွဲအတွက် ခေတ်မီသေနတ်ပုံစံများဖြင့် ဆွဲဆောင်ထားပြီး ကျည်ဆန်အတောင့် ၄၀၊ ၅၀၊ ၆၀ စသည်ဖြင့် ကျည်အရေအတွက်တစ်ခုပေးထားသည်။ ထို့အတွက် ကျည်မလောက်ငအောင် ဖန်တီးထားခြင်းပင်ဖြစ်သည်။

ကစားစဉ် ကျည်ဖြည့်ရန် လိုအပ်လာသည့်အခါ ဖြည့်ရမည့်ကျည်အတွက် တက်လာသည့်ကြော်ငြာများကို မဖြစ်မနေကြည့်ရတော့သည်။ ကြော်ငြာတစ်ခုကြည့်ပြီးတိုင်း ကျည် ၁၀ တောင့်ခန့် ရတတ်သည်။ လေ့ကျင့်ရေးကျည်၊ တိုက်ပွဲကျည် စသည်ဖြင့် ကျည်ကုန်မြန်အောင် application က ဖန်တီးထားသဖြင့် ကျည်က ခဏခဏကုန်သည်။

ခဏခဏကုန်တော့ ခဏလေးမှာပင် ကျည်ပြန်ဖြည့်ရန် ကြော်ငြာများကို မကြည့်ချင်ဘဲ ကြည့်ရပြန်သည်။ ဥပမာ– ကစားချိန် မိနစ် ၂၀ ဆိုလျှင် ကျည်ပြန်ဖြည့်ရန် များပြားလှသောကြော်ငြာများကြည့်ရသည်က ၅ မိနစ်မှ ၁၀၊ ၁၅ မိနစ်ခန့်အထိ ကြာတတ်သည်။ အဓိကက ဂိမ်းဆော့ဖို့ထက် ကြော်ငြာကြည့်ဖို့က အဓိကဖြစ်နေသည်။ ကြော်ငြာမကြည့်၍ သတ်မှတ်ထားသည့်အချိန် ပြည့်သွားပါကလည်း မိမိသာတိုက်ပွဲကျမည်ဖြစ်သည်။ တကယ့်လက်တွေ့မှာလည်း တိုက်ပွဲက တိုက်လို့ကောင်းတိုင်း ကျည်က ခဏခဏဖြည့်နေရပြီး ကြော်ငြာက မပြီးနိုင်၊ မစီးနိုင် တစ်ခုပြီးတစ်ခုကြည့်နေရသည်က ဂိမ်းဖန်တီးသူတို့၏အသက်ဖြစ်သည်။

> **လူငယ်ဟူသည် စွန့်စားလိုသည်သာဖြစ်သည်။ အသစ်အဆန်းဆိုလျှင် စမ်းကြည့်လုပ်ကြည့်ချင်ကြသည်။ မိမိအတွက် ဘာကောင်းလာမှာလဲ၊ ဘာအကျိုးရှိမလဲ၊ ကျန်းမာရေး၊ လူမှုရေးမှအစ နောက်ဆက်တွဲဆိုးကျိုးများ ဘယ်လောက်ထိခိုက်မလဲ မစဉ်းစားနိုင်ကြ။ ဂိမ်းသည် စွဲတတ်သည်။ တန်ဖိုးရှိသောပိုက်ဆံများ ဖြုန်းတီးလိုက်သလိုဖြစ်သည်။ သူများကိုသတ်ရန်၊ ဖြတ်ရန်အတွက် သတ်ချင်ဖြတ်ချင်စိတ်ဖြင့် အကုသိုလ်လည်းများရသည်။ ဂိမ်းက လူငယ်လူရွယ်များ၏ သတ်ချင်ဖြတ်ချင်စိတ်ကို အားပေးထား**

## စီးပွားရေးတွက်ခြေ၊ အကြမ်းဖက်စိတ်ဓာတ်နှင့် ဖြားယောင်းသိမ်းသွင်းမှု

ထို PDF ဂိမ်းတွင် ပိုက်ဆံမြန်မြန်ကုန်ရန်၊ ကျည်ပြန်ဖြည့်ရန်အတွက် စီးပွားရေးသမားများက တွက်ခြေကိုက်ရန် ပြုလုပ်ထားသည်။ တစ်ချက်ခုတ်၊ နှစ်ချက်/ သုံးချက်ပြတ်သွားသည်။ တစ်ဖက်က စီးပွားရေးအမြတ်အစွန်း၊ တစ်ဖက်က အကြမ်းဖက်ပြုလုပ်၍ အစိုးရကို အကြမ်းဖက်တော်လှန်ချင်စိတ်နှင့် အခြားတစ်ဖက်က လူငယ်တို့၏စိတ်ဓာတ်ကို ရိုက်ချိုးလိုက်ခြင်းဖြစ်သည်။

ကြော်ငြာမှရသော ကျည်ဖြည့်ငွေဖြင့် အကြမ်းဖက်တော်လှန်ရေးအတွက် လိုအပ်သောလက်နက်ရိက္ခာကို ဝယ်ယူဖြည့်တင်းကြသည်ဟု သိရှိရသည်။ ကြော်ငြာကိုမူ Google က ချိတ်ဆက်ပေးခြင်းဖြစ်သည်။ ကြော်ငြာအများစုမှာ US နှင့် UK မှာသာရှိသည့်အတွက် ၎င်းနိုင်ငံများ၏ VPN ကို ခံထားရခြင်းဖြစ်သည်။ လူငယ်များကို အကြမ်းဖက်စိတ်ဓာတ်ရိုက်သွင်း၍ ဖျက်ဆီးလိုက်ခြင်းဖြစ်သည်။

သွေးဆူလွယ်သော လူငယ်လူရွယ်များက ဂိမ်းဆော့ခြင်းဖြင့် တကယ့်လက်တွေ့တွင် ဂိမ်းထဲကအတိုင်းဖြစ်မည်ထင်ကြသည်။

ထို PDF အမည်ခံဂိမ်းများအပြင် အခြား online၊ offline ဂိမ်းများစွာလည်း ရှိပါသေးသည်။ ရုပ်ရော၊ အသံရော ကြည့်လို့ကောင်းသည့် graphic ဂိမ်းများရှိပါသည်။ မည်သို့ပင်ဖြစ်စေ တိုက်ပွဲ၊ သတ်ဖြတ်မှု၊ စစ်၊ အကြမ်းဖက် စသည်ဖြင့်ဖန်တီးထားသော ဂိမ်းများသည် ဖော်ပြပါရည်ရွယ်ချက်များကိုသာ ဖော်ဆောင်သည်။ သေနတ်ပစ်ခတ်ပုံကအစ အတားအဆီးများကို လွယ်လွယ်ကူကူဖောက်ထွက်နိုင်စေရန် ဖန်တီးထားသည်။

ဤသည်ကပင် လူငယ်ထုကို ဖြားယောင်းဆွဲဆောင်ထားခြင်းဖြစ်သည်။ မစဉ်းစားမိသူ လူငယ်များက အပြင်မှာလည်း ဂိမ်းထဲမှာအတိုင်း ဖြစ်မည်ထင်ကြသည်။ စီးပွားရေးသမားကတော့ စီးပွားရေးအမြင်ဖြင့် ပြုလုပ်ထားခြင်းဖြစ်ပြီး လူငယ်များဆော့ချင်လာအောင်၊ ကစားတတ်လာအောင် တမင်အကြံပေးတီထွင်ဖန်တီးထားသည်ကို တွေ့ရသည်။

တပ်မတော်ကိုတိုက်ရန် ဒီလောက်လွယ်နေမှတော့ အကြမ်းဖက်စစ်သင်တန်းကျောင်းတွေ ဘယ်လိုတော့မှာလဲ၊ ဂိမ်းဆော့ပြီးတော့မှပဲ ဂိမ်းထဲမှာအတိုင်း လေ့ကျင့်ပြီး စစ်တိုက်လို့ရနေပြီပဲ။ အထင်နှင့်အမြင် တလွဲကြီးဖြစ်သည်။ တကယ့်အပြင်က လက်တွေ့တိုက်ပွဲနှင့် တခြားစီဖြစ်သည်။ လက်တွေ့အပြင်မှာက လေ့ကျင့်သည်မှအစ တကယ့်ကျည်အစစ်အမှန်နှင့် လေ့ကျင့်ကြ၊ တိုက်ပွဲဝင်ကြခြင်းဖြစ်သည်။ ဖုန်းထဲကဂိမ်းကဲ့သို့ ကြော်ငြာကြည့်ပြီးဝယ်ရသည့် ကျည်အတုများမဟုတ်သည်ကို သတိပြုရမည်ဖြစ်သည်။ ကစားကြည့်မည်ဆိုပါကလည်း မိမိက အနိုင်ချည်းဖြစ်သည်။ ဘာပညာမှလည်းမရ၊ ဘာဉာဏ်ရည်ဉာဏ်သွေးမှလည်း မတက်၊ ဘာအတွေ့အကြုံမှလည်းမရပါ။ ကျည်ခဏခဏကုန်၊ ကြော်ငြာကို ကျော်သွားခွင့်မရဘဲ ပြီးအောင် အချိန်ပြည့်ကြည့်ရကာ နောက်ဆုံးတွင် အကုသိုလ်များ၍ ပိုက်ဆံကုန်သည်သာ အဖတ်တင်မည်ဖြစ်သည်။

## ဒုက္ခရောက် လမ်းမှားမရောက်ကြစေရန် ပြောဆိုဆုံးမပညာပေးသင့်

**လူငယ်ဟူသည် စွန့်စားလိုသည်သာဖြစ်သည်။ အသစ်အဆန်းဆိုလျှင် စမ်းကြည့်လုပ်ကြည့်ချင်ကြသည်။ မိမိအတွက် ဘာကောင်းလာမှာလဲ၊ ဘာအကျိုးရှိမလဲ၊ ကျန်းမာရေး၊ လူမှုရေးမှအစ နောက်ဆက်တွဲဆိုးကျိုးများ ဘယ်လောက်ထိခိုက်မလဲ မစဉ်းစားနိုင်ကြ။ ဂိမ်းသည် စွဲတတ်သည်။ တန်ဖိုးရှိသောပိုက်ဆံများ ဖြုန်းတီးလိုက်သလိုဖြစ်သည်။ သူများကိုသတ်ရန်၊ ဖြတ်ရန်အတွက် သတ်ချင်ဖြတ်ချင်စိတ်ဖြင့် အကုသိုလ်လည်းများရသည်။ ဂိမ်းက လူငယ်လူရွယ်များ၏ သတ်ချင်ဖြတ်ချင်စိတ်ကို အားပေးထားသည်။**

မိမိသတ်ဖြတ်လိုသော ပစ်မှတ်များကို ဒလန်၊ စစ်ခွေးစသည်ဖြင့် သုံးနှုန်း၍ စစ်သွေးကြွစေရန် မြှောက်ပင့်ပေးထားသည်။ အရပ်သားပြည်သူများကို မည်သို့အနီးကပ် လုပ်ကြံသတ်ဖြတ်မည်လဲ၊ လုပ်ကြံသတ်ဖြတ်ပုံလေ့ကျင့်ခန်းများလည်း ပါဝင်သည်။ ဂိမ်းကစားနေစဉ်တွင် အကုသိုလ်စိတ်ကအပြည့်ဖြစ်သည်။ မိဘများအနေဖြင့် မိမိသားသမီးများ လမ်းမှားမရောက် ဒုက္ခမရောက်စေရန် အချိန်တိုင်းမှာ ဂရုစိုက်၊ ပညာပေး၊ ပြောဆိုဆုံးမနေသင့်သည်ဟုယူဆပါသည်။ အချိန်ကို အကျိုးရှိစွာအသုံးချတတ်ရန် ပြောဆိုသင်ကြားထားသင့်ပေသည်။

**တကယ်တော့ PDF ဂိမ်းဆော့ခြင်း၊ ဂိမ်း application ကို မိမိလက်ကိုင်ဖုန်းထဲ ထည့်သွင်းထားခြင်းသည် အကြမ်းဖက်အားပေးခြင်း သက်ရောက်၍ အကြမ်းဖက်ဥပဒေနှင့် ငြိစွန်းနိုင်ပါသည်။ မသိ၍ပဲဖြစ်ဖြစ်၊ သိသော်လည်း သတိလက်လွတ်၍ပဲဖြစ်ဖြစ် သက်ဆိုင်ရာမှ စစ်ဆေးခြင်းနှင့်ကြုံရသည့်အခါ မလိုလားအပ်သော နောက်ဆက်တွဲဆိုးကျိုးများခံစားရနိုင်ပါသည်။ ထိုအချက်ကို လူငယ်လူရွယ်များကော မိဘ၊ ညီအစ်ကို၊ မောင်နှမများအနေဖြင့်ပါ သိရှိနားလည်ထားသင့်ပါသည်။**

အမှန်တကယ်လည်း လူငယ်များအနေဖြင့် ထိုသို့မလုပ်သင့်ပါ၊ မစမ်းသပ်သင့်ပါ၊ စွဲလမ်းစေသည့် မကောင်းသည့်အရာဖြစ်၍ ဝေးဝေးကရှောင်သင့်ပါသည်။ လူငယ်များအနေဖြင့် ဘာလုပ်မည်လဲ၊ မိမိအတွက်ကော မိသားစုအတွက်ကော အကျိုးမရှိ၊ ပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းကိုလည်း ကောင်းကျိုးမပေး ဆင်ခြင်သုံးသပ်ကြစေချင်ပါသည်။

## အကျိုးထက် အပြစ်ကပိုများ

အမှန်ကတော့ ဂိမ်းကစားသည်ဆိုသည့်နေရာမှာ ယခုလို အကြမ်းဖက်၊ ညှဉ်းပန်းနှိပ်စက်သည့်ပုံစံ ဂိမ်းအမျိုးအစားများကို မဆိုထားနှင့်၊ ရိုးရိုးဂိမ်းများဆော့လျှင်ပင် အကျိုးထက် ဆိုးကျိုးအပြစ်က ပိုများသည်ဆိုသည်ကို အတော်များများလည်းလက်ခံပြီးသားဖြစ်ပါသည်။ ဖိစီးမှုလျှော့ချရန်နှင့် စိတ်ကြည်ရန်၊ လက်ကော၊ မျက်လုံးကော၊ ဦးနှောက်ကော တစ်ပြိုင်တည်းလှုပ်ရှားရသည့်အတွက် အလျင်အမြန် ဆုံးဖြတ်နိုင်စွမ်းနှင့် ပြဿနာကို ဖြေရှင်းနိုင်စွမ်း၊ သိမှုစွမ်းရည်များကို အထောက်အကူပြုသည်ဆိုသော်လည်း အပြစ်ကပိုများပါသည်။

> **ဆင်ခြင်နိုင်စွမ်းအားနည်းသည့် လူငယ်များကို မဆော့ရမနေနိုင်အောင် သိမ်းသွင်းနိုင်စွမ်းကြောင့် တန်ဆေးလွန်ဘေးဖြစ်ကာ ဂိမ်းစွဲရောဂါရသွားစေ၍ဖြစ်ပါသည်။ ပစ်ခတ်၊ တိုက်ခိုက်၊ သတ်ဖြတ်ကြသည့်ဂိမ်းများဆိုပိုဆိုးသည်။ ဖြူစင်သန့်ရှင်းရမည့် ကလေးလူရွယ်များ၏ အရိုးခံစိတ်တွင် အကုသိုလ်စိတ်များ စွန်းထင်းသွားသည်။ ဒေါသနှင့် လောဘက အရောင်ဆိုးသွားသည့်အခါ သည်းခံစိတ်နှင့် ကိုယ်ချင်းစာ၊ သနားစိတ်နည်းလာပြီး အရာရာကို အကြမ်းဖက်ဖြေရှင်းနည်းကိုသာ အားသန်လာကြ**

**ဘာကြောင့်ဆိုရလျှင် ဆင်ခြင်နိုင်စွမ်းအားနည်းသည့် လူငယ်များကို မဆော့ရမနေနိုင်အောင် သိမ်းသွင်းနိုင်စွမ်းကြောင့် တန်ဆေးလွန်ဘေးဖြစ်ကာ ဂိမ်းစွဲရောဂါရသွားစေ၍ ဖြစ်ပါသည်။ ပစ်ခတ်၊ တိုက်ခိုက်၊ သတ်ဖြတ်ကြသည့် ဂိမ်းများဆိုပိုဆိုးသည်။ ဖြူစင်သန့်ရှင်းရမည့် ကလေးလူရွယ်များ၏ အရိုးခံစိတ်တွင် အကုသိုလ်စိတ်များ စွန်းထင်းသွားသည်။ ဒေါသနှင့် လောဘက အရောင်ဆိုးသွားသည့်အခါ သည်းခံစိတ်နှင့် ကိုယ်ချင်းစာ၊ သနားစိတ်နည်းလာပြီး အရာရာကို အကြမ်းဖက်ဖြေရှင်းနည်းကိုသာ အားသန်လာကြတော့သည်။**

ငြိမ်းချမ်းစွာ မဖြေရှင်းတတ်တော့ဘဲ ခက်ထန်ကြမ်းတမ်းရန် လိုလားကြပြီး ပေါင်းသင်းဆက်ဆံရေးမှာလည်း အခက်အခဲများရှိလာပေတော့မည်။ လူအချင်းချင်းအပေါ်တွင် အမုန်းစိတ်ဓာတ်များကြီးစိုး လာတော့မည်ဖြစ်သည်။ မိသားစုအပေါင်းအသင်းများနှင့်ပါ ဆက်ဆံရေးအားနည်းလာပြီး ပညာရေး၊ လူမှုရေးအလုပ်အကိုင်များတွင်သာမက မိမိ၏ရည်မှန်းချက်များကိုပါ ထိခိုက်လာမည်ဖြစ်ပါသည်။

ကြာလာလျှင် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးလည်း ချို့ယွင်းလာမည်မှာ သေချာလှသည်။ စိုးရိမ်လွန်ခြင်း၊ ဒေါသထွက်လွယ်ပြီး စိတ်ဓာတ်ကျလွယ်ခြင်း၊ စိတ်အားထက်သန်မှုမရှိတော့ခြင်း၊ အထီးကျန်ခြင်း၊ အိပ်မပျော်ခြင်းတို့မှာ စိတ်ရောဂါသည်အများစုတွင် အတွေ့ရများသည့် လက္ခဏာများဖြစ်သည်။ ဂိမ်းစွဲ၍ စိတ်ဓာတ်ကျ၊ စိတ်ဓာတ်ကျ၍ ဂိမ်းကစား တဝဲလည်လည်ဖြစ်ကာ အရက်သမား၊ ဆေးသမား ဆေးစွဲ အရက်စွဲသို့နှယ်ဖြစ်ရသည်။

> **မိမိတို့ ကိုင်ဆောင်သောဖုန်းတွင် PDF ဂိမ်းအပလီကေးရှင်းများ ထည့်သွင်းထားသည့်အတွက် ရှာဖွေသိမ်းဆည်းခံရသည့်အခါ အကြမ်းဖက်ဥပဒေအရ အရေးယူခံရနိုင်သည့်အခြေအနေအားလုံးကို အလေးအနက်ထည့်သွင်းစဉ်းစားရပါမည်။ ထို့ပြင် ဘာသာရေးအရလည်း တစ်ပါးသူကို သတ်ဖြတ်ရန်လှုံ့ဆော်အားပေးမှုတွင် ပါဝင်မိသည့်အတွက် အကုသိုလ်ကံနှင့်အတူ အပါယ်လားနိုင်မည့် အခြေအနေများ၊ ယင်းတို့ကိုလည်း စဉ်းစားဆင်ခြင်နိုင်မှသာ ကိုယ့်ကိုယ်ကိုယ် နှစ်ရာမရောက်ဘဲ ချစ်ရာရောက်မည်**

စာမျက်နှာ ၇ သို့ ✦

# သတင်းထုတ်ပြန်ချက်

## အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အထူးအစည်းအဝေးကိစ္စ

အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တွင် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အထူးအစည်းအဝေးသို့ မြန်မာနိုင်ငံက နိုင်ငံရေးအရ ကိုယ်စားမပြုသည့်ပုဂ္ဂိုလ်ကိုသာ အာဆီယံဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံက ဖိတ်ကြားခဲ့ပါသည်။ ထိုသို့ဖိတ်ကြားခြင်းသည် အာဆီယံပဋိညာဉ်စာတမ်းအပိုဒ်(၅) ပါ ပြဋ္ဌာန်းချက်ဖြစ်သည့် အဖွဲ့ဝင်နိုင်ငံများအကြား အဆင့်တူတန်းတူ ကိုယ်စားပြုရေးမူနှင့် သွေဖည်နေသဖြင့် မြန်မာနိုင်ငံမှ ကိုယ်စားပြုတက်ရောက်ခဲ့ခြင်းမရှိပါ။ အာဆီယံပဋိညာဉ်စာတမ်းအရ အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး တန်းတူညီတူ ကိုယ်စားပြုရေး “မူ”နှင့် တစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေး “မူ”တို့ကို မြန်မာနိုင်ငံအနေဖြင့် ခိုင်မာစွာလိုက်နာလျက်ရှိရာ၊ ယခုကဲ့သို့ ခွဲခြားဆက်ဆံသည့် လုပ်ရပ်များကို လက်ခံနိုင်ခြင်းမရှိပါ။

အစည်းအဝေးတွင် မြန်မာနိုင်ငံက ပါဝင်ခြင်းမရှိဘဲ အာဆီယံ(၉) နိုင်ငံဖြင့်သာ ဆွေးနွေးသဘောတူညီခဲ့ခြင်းသည် အာဆီယံပဋိညာဉ်စာတမ်းပါ မူများနှင့်အညီ အဖွဲ့ဝင်နိုင်ငံအားလုံး၏ တူညီဆန္ဒအရ ဆောင်ရွက်ခဲ့ခြင်းမဟုတ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် လိုက်ပါဆောင်ရွက်မည်မဟုတ်ပါ။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်ယူပြီးနောက်ပိုင်းတွင် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ချမှတ်၍ မြန်မာနိုင်ငံ၌ ဒီမိုကရေစီ ပြန်လည်ဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ တစ်ချိန်တည်းမှာပင် အာဆီယံ၏ တာဝန်သိအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ခြင်းကို အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်နှင့် အပြုသဘော နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတွင်း တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေးကို လိုလားသည့် အဖွဲ့အစည်းများနှင့် တွေ့ဆုံကာ ပွင့်လင်းစွာ ဆွေးနွေးလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို အကောင်အထည်ဖော်လျက်ရှိရာတွင် သိသာထင်ရှားသည့် တိုးတက်မှုများရရှိလျက်ရှိပါသည်။ ထို့ပြင် အာဆီယံတူညီဆန္ဒ(၅)ချက်တွင် ပါဝင်သည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ရေးကိစ္စ ပထမအဆင့်ကိုလည်း AHA စင်တာကို ပူးပေါင်းပံ့ပိုးလျက်ရှိပြီး၊ အကူအညီလိုအပ်နေသူများထံသို့ ခွဲခြားမှုမရှိဘဲ မျှတစွာရရှိရေးနှင့် အကူအညီပေးအပ်သည့် စေတနာ့ဝန်ထမ်းများ၏ ဘေးကင်းလုံခြုံရေးကို အလေးထား၍ ဆောင်ရွက်လျက်ရှိပါသည်။ ဒုတိယအဆင့် အကူအညီများ ပံ့ပိုးနိုင်ရေးအတွက် လိုအပ်ချက်များ ဆန်းစစ်မှု ဆောလျင်စွာပြီးမြောက်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ပြည်သူလူထု၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို တည်ဆောက်ရန် အစိုးရ၏ ကြိုးပမ်းနေမှုအပေါ် NUG နှင့် PDF အမည်ခံများက အဖျက်အမှောင့်လုပ်ရပ်များ၊ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်၍ ဖျက်ဆီးလျက်ရှိပါသည်။ ယင်းကဲ့သို့ ပြည်တွင်း၊ ပြည်ပမှ အနှောင့်အယှက်များ၊ ဖိအားပေးမှုများ မည်သို့ပင် ရှိနေသော်လည်း တာဝန်သိ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် အာဆီယံတူညီဆန္ဒ(၅)ချက်ကို အကောင်အထည်ဖော်လျက်ရှိပါသည်။ တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ခြင်းသည် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ရာ၊ အချိန်ကန့်သတ်ချက်ဖြင့် ဖိအားပေး၊ အကျပ်ကိုင်သည့် ချဉ်းကပ်မှုမျိုးသည် အကျိုးမရှိနိုင်သည့်အပြင်၊ ဆိုးကျိုးသက်ရောက်မှုများကိုပင် ဦးတည်သွားစေနိုင်ပါသည်။

အင်အားကြီးနိုင်ငံများ၏အားပြိုင်မှု၊ ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေးဆိုင်ရာကိစ္စများ အားပြိုင်မှုများ အရှိန်မြင့်တက်နေသည့် ယခုအချိန်မျိုးတွင် အာဆီယံအနေဖြင့် ခိုင်မာသော အဖွဲ့အစည်းအဖြစ်တည်ရှိရန် အာဆီယံ၏ စည်းလုံးညီညွတ်မှုနှင့် အချက်အချာကျမှုတို့ကို ထိန်းသိမ်းရန် အရေးတကြီးလိုအပ်ပါသည်။ အာဆီယံသည် စည်းမျဉ်းကိုအခြေခံသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ အာဆီယံပဋိညာဉ်စာတမ်းတွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များကို တိတိကျကျလေးစားလိုက်နာရန်လိုအပ်ပြီး အဖွဲ့ဝင်နိုင်ငံများ၏ ဂုဏ်သိက္ခာနှင့် အချုပ်အခြာအာဏာကို လေးစား၍ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်ရန် အထူးလိုအပ်ပါသည်။ သို့မှသာလျှင် အာဆီယံ၏စည်းလုံးညီညွတ်မှုနှင့် အချက်အချာကျမှု တို့ကို ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်**

# တိုင်းဒေသကြီး /ပြည်နယ်အစိုးရအဖွဲ့များ၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းပြီးဖြစ်၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်

**နေပြည်တော် အောက်တိုဘာ ၂၇**

ယခုအခါ ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများအပြင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၌ Corruption Prevention Unit- CPU များ ဖွဲ့စည်းပြီးဖြစ်၍ နိုင်ငံအတွင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဆောင်ရွက်ရာတွင် တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဆွေက ပြောကြားသည်။



**အထူးအရေးကြီး**

ယနေ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး၌ ကျင်းပသည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ လုပ်ငန်းဆောင်ရွက်ရာ၌ လိုက်နာရမည့် မူဘောင်များ၊ လုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်တွင် တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်သည် အထူးအရေးကြီးသည့်အတွက် ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်း ၃၈ ခုတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(Corruption Prevention Unit- CPU)များ ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ အောင်မြင်မှုရှိသဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ ၁၄ ခုတွင် တိုးချဲ့ဖွဲ့စည်းခဲ့ကြောင်း၊ ယခုတိုးချဲ့ဖွဲ့စည်းခဲ့သည့် CPU များ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်သင့်သည့် မူဘောင်များ၊ လုပ်ငန်းစနစ်များနှင့် ဒေသအလိုက် အခြေအနေအရ ဖြည့်စွက်ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို ညှိနှိုင်းနိုင်ရန် အစည်းအဝေး ကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့ပြင် ကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အနေဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းစေရန်၊ သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ဖြစ်ထွန်းစေရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာ ရေးဆွဲဆောင်ရွက်လျက်ရှိပြီး တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်းများကို ဟန်ချက်ညီညီ ဆောင်ရွက်လျက်ရှိကြောင်း။

**ဟန်ချက်ညီဆောင်ရွက်**

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အနေဖြင့် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများတွင် စနစ်တစ်ခုကဲ့သို့ နက်ရှိုင်းစွာပျံ့နှံ့နေသည့် အဂတိလိုက်စားမှု (Systemic Corruption) သိသာထင်ရှားစွာ ကျဆင်းသွားစေရန်နှင့် ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်သည့် ကောင်းမွန်သော စီမံအုပ်ချုပ်မှုဆိုင်ရာညွှန်းကိန်း(Worldwide Governance Indicators–WGI) တွင် အဂတိလိုက်စားမှု ထိန်းချုပ်နိုင်ခြင်း (Control of Corruption)ညွှန်းကိန်း သိသာထင်ရှားစွာ တိုးတက်လာစေရန် မူဝါဒချမှတ် အကောင်အထည်ဖော်နေမှုကို ဟန်ချက်ညီဆောင်ရွက်သွားလိုကြောင်း ပြောကြားသည်။

အဆိုပါအစည်းအဝေးတွင် ကော်မရှင်အဖွဲ့ဝင်များနှင့် ညွှန်ကြားရေးမှူးချုပ်များက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းမူဘောင်များနှင့် လုပ်ငန်းနည်းစနစ်များကို လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ ခေါင်းဆောင်များက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေး ညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

✦ စာမျက်နှာ ၆ မှ

စိတ်ကြောင့် ရုပ်ပိုင်းချို့ယွင်းချက်များ ရှိလာသည့်အခါ မျက်စိအားနည်းပြီး အမြင်အာရုံထိခိုက်ကာ မျက်မှန်သမားများဖြစ်လာခြင်း၊ ခေါင်းကိုက်ခြင်း၊ အထိုင်များသည့်အတွက် ခါးနာ၊ လည်ပင်းနာတတ်ကြပြီး အဝလွန်ခြင်း၊ ထမင်းမေ့ဟင်းမေ့ တစ်ခါတစ်ရံ အိပ်ရန်ပင်မေ့ကာ အစားအသောက်ကမမှန်၊ အာဟာရက မျှခြေတွင်မရှိ၊ သွေးတိုးခြင်းများအထိ ဖြစ်ပေါ်ရသည်။

အချုပ်အားဖြင့် ယနေ့ခေတ်လူငယ်များ PDF ဂိမ်း၊ ဗီဒီယိုဂိမ်း၊ ကွန်ပျူတာဂိမ်း စသည်ဖြင့် မိမိတို့၏ အကျိုးရှိလှသောအချိန်များကို မဖြုန်းတီးကြဘဲ အချိန်တန်ဖိုးကို ကောင်းစွာအသုံးချကြစေလိုပါသည်။ အားလုံးက အကျပ်အတည်းကြားတွင် ရောက်နေသောကာလ၊ ဖိစီးမှုတစ်ခုခုကို လှုပ်ရှားရုန်းကန်ဖြေရှင်းနေကြရသည့်ကာလတွင် ကိုယ့်ကိုယ်ကိုယ် စိတ်ကူးယဉ် ကမ္ဘာထဲတွင် အချိန်ဖြုန်းမနေသင့်တော့ပါ။

**မိမိတို့ပြုလုပ်မှုတစ်ခုခု၏ ဆိုးကျိုး၊ ကောင်းကျိုး သက်ရောက်နိုင်မှု အတိုင်းအတာပမာဏကို ဆန်းစစ်ချိန်ထိုးနိုင်စွမ်းရှိရပါမည်။ အခြားဂိမ်းများထက် PDF ဂိမ်းကမူ ပို၍အပြစ်ကြီးပြီး ပို၍ပေးဆပ်ရနိုင်ပါသည်။ မိမိတို့ကြည့်လိုက်သော၊ ကစားလိုက်သော ဂိမ်းမှတစ်ဆင့် အကြမ်းဖက်သမားများကို အားပေးသမှုဖြစ်ပြီး ၎င်းအကြမ်းဖက်များ၏ အပြုအမူကြောင့် အပြစ်မဲ့ပြည်သူများ၊ ဘုန်းကြီး ရဟန်းသံဃာများ၊ ဝန်ထမ်းများ မည်မျှသေဆုံး ဒဏ်ရာရနေကြပြီလဲ၊ နိုင်ငံပိုင်၊ အများပိုင်ဥစ္စာပစ္စည်းများ အဘယ်မျှ ဆုံးရှုံးပျက်စီးနေရပါပြီလဲ၊ မိမိတို့၏မိသားစု ညီအစ်ကိုမောင်နှမများရော မည်သို့အလုပ်ပျက်၊ အကိုင်ပျက် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်နေကြရပါပြီလဲ။**

မိမိတို့ကိုင်ဆောင်သောဖုန်းတွင် PDF ဂိမ်း အပလီကေးရှင်းများ ထည့်သွင်းထားသည့်အတွက် ရှာဖွေသိမ်းဆည်းခံရသည့်အခါ အကြမ်းဖက်ဥပဒေအရ အရေးယူခံရနိုင်သည့် အခြေအနေအားလုံးကို အလေးအနက် ထည့်သွင်းစဉ်းစားရပါမည်။ ထို့ပြင် ဘာသာရေးအရလည်း တစ်ပါးသူကို သတ်ဖြတ်ရန် လှုံ့ဆော်အားပေးမှုတွင် ပါဝင်မိသည့်အတွက် အကုသိုလ်ကံနှင့်အတူ အပါယ်လားနိုင်မည့် အခြေအနေများ၊ ယင်းတို့ကိုလည်း စဉ်းစားဆင်ခြင်နိုင်မှသာ ကိုယ့်ကိုယ်ကိုယ် နှစ်ရာမရောက်ဘဲ ချစ်ရာရောက်မည်ဖြစ်ပါသည်။

မိမိစိတ်ဝင်စားမှုနှင့်အတူ ရွေးချယ်မှုမှန်ကန်ကြစေရန်သာ စေတနာဖြင့် သတိပေးရေးသားလိုက်ရပါသည်။ ။

# နိုင်ငံပိုင်မီဒီယာဖြစ်သည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ရုပ်သံလိုင်းအသီးသီးတွင် သတင်းတင်ဆက်သည့် အရေးပါသောလုပ်ငန်းတာဝန်များ ထမ်းဆောင်ရခြင်းအပေါ် ဂုဏ်ယူကြစေလို


ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများ၏ ခေတ်ပေါ်တီးဝိုင်းနှင့် ဝတ်စုံပြည့်ဇာတ်တိုက်လေ့ကျင့်မှုကို ကြည့်ရှုအားပေးစဉ်။


ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာသုံးဆောင်စဉ်။

**နေပြည်တော် အောက်တိုဘာ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာသုံးဆောင်ပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ ရောက်ရှိပြီး စားရိပ်သာတွင် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာသုံးဆောင်သည်။ ထို့နောက် Conference Roomတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က MRTV ၏၊ MRTV-HD၊ MRTV-News၊ MRTV Farmers နှင့် MRTV Sports ရုပ်သံလိုင်းများ၌ သတင်းဖတ်ကြားသူ ၁၄ ဦး ဖြည့်စွက်ခန့်အပ်နိုင်ရန် ရွေးချယ်လျာထားမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ယင်းဝန်ထမ်းများ၏ သတင်းကြေညာမှုပုံစံ ကြိုတင်ရိုက်ကူးထားသော Video Clip များကို ပြသသည်။

ထိုသို့ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြားရာ၌ နိုင်ငံပိုင်မီဒီယာဖြစ်သည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ရုပ်သံလိုင်းအသီးသီးတွင် သတင်းတင်ဆက်သည့် အရေးပါသောလုပ်ငန်းတာဝန်များ ထမ်းဆောင်ရခြင်းအပေါ် ဂုဏ်ယူကြစေလိုပါကြောင်း၊ ရုပ်သံထုတ်လွှင့်ရသည့် လုပ်ငန်းစဉ်နှင့် ကဏ္ဍများစွာအနက် ရှေ့ထွက်ပြရသည့်နေရာတွင် တာဝန်ထမ်းဆောင်ရခြင်းဖြစ်၍ အမှားအယွင်းမရှိအောင် အမြဲတမ်းသတိထားပြီး ယုံကြည်မှုရှိအောင် လေ့ကျင့်နေရန်လည်း လိုအပ်ပါကြောင်း၊ တာဝန်ရှိသူများကလည်း သတင်းတင်ဆက်သူများ၏ အသံထွက်မှန်ကန်မှု၊ ဝတ်ဆင်ထုံးဖွဲ့ပြင်ဆင်မှုနှင့် ကိုယ်နေဟန်ထားတို့ကို အမြဲမပြတ် စောင့်ကြည့်စစ်ဆေးပြီး ပြင်ဆင်တည့်မတ်ပေးကြရန်ဖြစ်ကြောင်းမှာကြားကာ ယင်းဝန်ထမ်းများအား ဂုဏ်ပြုဆုငွေချီးမြှင့်သည်။

ယင်းနောက် MRTV-News Channel အတွက် ယခုနှစ်ဘဏ္ဍာငွေ ခွင့်ပြုချက်ဖြင့် တည်ဆောက်လျက်ရှိသော News Studio သို့ ရောက်ရှိရာ တင်ဒါအောင်မြင်ထားသော Elevate Broadcast Myanmar Co.,Ltd. နှင့် Arr Thit Man Technology Co.,Ltd. တို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားသည်။

MRTV News Channel ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး High Definition (HD) အရည်အသွေးနှင့် ဆန်းသစ်မှုများဖြင့် တင်ဆက်ခြင်းကို အရန်သတင်းခန်း Studio ၌ ဆောင်ရွက်နေခြင်းဖြစ်သည်။ ယခုအခါ ဘဏ္ဍာငွေခွင့်ပြုချက်ဖြင့် Studio အသစ်ကို တည်ဆောက်နေပြီဖြစ်၍ ယင်းလုပ်ငန်းပြီးစီးပါက Studio အသစ်သို့ ပြောင်းရွှေ့ပြီး ရုပ်သံရိုက်ကူးထုတ်လွှင့်ခြင်းလုပ်ငန်း စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် Auditorium သို့ ရောက်ရှိပြီး နေပြည်တော်ရှိ ဌာနကြီးများတွင် လှည့်လည်ဖျော်ဖြေရန် စုဖွဲ့ပြင်ဆင်လျက်ရှိသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ၏ ခေတ်ပေါ်တီးဝိုင်းနှင့် ဝတ်စုံပြည့်ဇာတ်တိုက်လေ့ကျင့်မှုကို ကြည့်ရှုအားပေးပြီး ယင်းအဖွဲ့အား ဂုဏ်ပြုဆုငွေချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများအားလုံးအတွက် ငွေကျပ် သိန်း ၂၀ ကို ဆုမဲ ၁၀ ခုခွဲဝေပြီး ကံစမ်းမဲဖောက်ရာ မဲပေါက်သည့် ဝန်ထမ်း၁၀ဦးအား ပြည်ထောင်စုဝန်ကြီးက ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ လုပ်ငန်းတာဝန်များကို ရွှင်လန်းတက်ကြွစွာဖြင့် ထမ်းဆောင်ရေး မှာကြားသည်။

ယင်းနောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝင်းအတွင်းရှိ ဘောလုံးကွင်းသို့ သွားရောက်ပြီး (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်ဝန်ကြီးချုပ်ဖလား၊ ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စုဖွဲ့လေ့ကျင့်ပြီး လူရွေးချယ်မှုဆောင်ရွက်နေသည့် "ပြန်ကြားရေးဝန်ကြီးဌာန ဘောလုံးအသင်း" ကို ကြည့်ရှုအားပေးကာ စိတ်ဓာတ်ကောင်းမွန်စွာဖြင့် သန့်ရှင်းစွာ ယှဉ်ပြိုင်ကြရန်မှာကြားပြီး အားကစားသမားများအတွက် အားဖြည့်အချိုရည်နှင့် ကြက်ဥများပေးအပ်ခဲ့သည်။

**သတင်းစဉ်**

❖

# အိမ်ခန်းပေါင်း ၁၀၀၀၀ ပါဝင်သည့် ပြည်သူ့အငှားအိမ်ရာစီမံကိန်းကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၇**

အိမ်ခန်းပေါင်း ၁၀၀၀၀ ပါဝင်သည့် ပြည်သူ့အငှားအိမ်ရာစီမံကိန်းကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းပထမအဆင့်အနေဖြင့် အိမ်ခန်းပေါင်း ၅၀၀၀ ကျော် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။



နေပြည်တော်တွင် အိမ်ခန်းပေါင်း ၄၄၈ ခန်း၊ ရန်ကုန်မြို့တွင် အိမ်ခန်းပေါင်း ၃၁၀၄ ခန်းနှင့် မန္တလေးမြို့တွင် အိမ်ခန်းပေါင်း ၁၄၅၆ ခန်းတို့ကို တည်ဆောက်လျက်ရှိကြောင်းနှင့် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေက ပြောသည်။

ယမန်နေ့နံနက်ပိုင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန၌ ကျင်းပသည့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (ပထမအကြိမ်) လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒုတိယဝန်ကြီးက ထိုသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်ပြီး ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် လမ်းပန်းဆက်သွယ်ရေးသွားလာရခက်ခဲသည့်ကြားမှ မြို့ပြနှင့်အိမ်ရာကဏ္ဍကို ဟန်ချက်ညီညီ စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူတို့၏နေထိုင်မှု အဆင့်အတန်းမြှင့်တင်ရန်အတွက် သင့်လျော်ကောင်းမွန်သည့်အိမ်ရာများ ဖြည့်ဆည်းနိုင်ရန်ဆိုသည့် ရည်မှန်းချက်ကို မူဝါဒနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက ဝင်ငွေနည်းပြည်သူများအတွက် တန်ဖိုးနည်း၊ တန်ဖိုးသင့် အရောင်းအိမ်ရာစီမံကိန်းများအဖြစ် ကျန်စစ်မင်းအိမ်ရာ၊ ရွှေလင်ဗန်းအိမ်ရာ၊ ယုဇနအိမ်ရာ၊ ကနောင်အိမ်ရာ၊ အောင်မြင့်မိုရ်နှင့် သီလဝါဥယျာဉ် တန်ဖိုးနည်းအိမ်ရာ စီမံကိန်းများကို ဆောက်လုပ်ရောင်းချပေးလျက်ရှိကြောင်း။

ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ သန့်ရှင်းသာယာပြီး သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသည့် လူနေထိုင်မှုဘဝ ရရှိနိုင်ရေးနှင့် တိုင်းပြည်၏ ကုန်ထုတ်လုပ်မှုကဏ္ဍ မြင့်မားတိုးတက်လာစေရေးအတွက် နိုင်ငံတကာအဆင့်မီ စက်မှုဇုန်စီမံကိန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် Mingaladon Industrial Park၊ Korea - Myanmar Industrial Complex၊ Yangon Amata Smart and Eco City၊ နိုင်ငံတကာ အဆင့်မီ ပန်းလှိုင်ဂေါက်ကွင်းနှင့် အဆင့်မြင့်အိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က တန်ဖိုးနည်း၊ တန်ဖိုးသင့်၊ တန်ဖိုးမြင့်အိမ်ရာများအပြင် ပြည်သူ့အငှားအိမ်ရာနှင့် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားအိမ်ရာများကို ၂၀၂၁ -၂၀၂၂ ဘဏ္ဍာနှစ်အတွင်း အခန်းပေါင်း ၄၈၂ ခန်း တည်ဆောက်ပြီးစီးမှု၊ မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲဆောင်ရွက်နိုင်မှုနှင့် အိမ်ရာလိုအပ်ချက်ဆိုင်ရာများကိုလည်းကောင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဘဏ္ဍာရန်ပုံငွေ၊ စီမံခန့်ခွဲမှုနှင့် မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကပ်ရောဂါအလွန် ပြန်လည်ထူထောင်ရေးတွင် ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ တီထွင်ဖန်တီးမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နည်းပညာအသစ်များကိုအသုံးချ




**နေပြည်တော် အောက်တိုဘာ ၂၇**

၂၀၂၂ ခုနှစ် အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူထားသည့် လာအိုနိုင်ငံက ကြီးမှူး၍ (၁၀)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီးများ အစည်းအဝေး (ASEAN Ministers Responsible for Culture and Arts – AMCA) နှင့် ဆက်စပ်အစည်းအဝေးများကို ယနေ့နံနက် ၇ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အာဆီယံယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာဝန်ကြီးများ၊ အာဆီယံအပေါင်းသုံး ဆွေးနွေးဖက်နိုင်ငံများဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံမှ အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဦးဆောင်၍ မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီး သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့တို့သည် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အာဆီယံယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို လာအိုနိုင်ငံ ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီး H.E. Mdm. Suanesavanh VIGNAKET က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါအလွန်တွင် လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ယဉ်ကျေးမှုနှင့် အနုပညာသည် အရေးပါသောကဏ္ဍဖြစ်ပါကြောင်း၊ အာဆီယံအပေါင်းသုံး ဆွေးနွေးဖက်နိုင်ငံများဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့နှင့် ယဉ်ကျေးမှုနှင့် အနုပညာကဏ္ဍများ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ရန်နှင့် ခိုင်မာအားကောင်းလာစေရန် အာဆီယံယဉ်ကျေးမှုနှင့် အနုပညာ မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၅၊ အာဆီယံ လူမှုရေး - ယဉ်ကျေးမှု အခြေပြမြေပုံ ၂၀၂၅ နှင့် အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီးများအစည်းအဝေး (AMCA) မှ ထုတ်ပြန်ချက်များနှင့် အာဆီယံကြေညာချက်များ အပါအဝင် ၂၀၂၅ အလွန် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက်တို့အား ပိုမိုအားကောင်းစေရန် ဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း ပြောကြားသည်။

(၁၀)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီးများအစည်းအဝေး (ASEAN Ministers Responsible for Culture and Arts – AMCA) ထုတ်ပြန်ချက်၌ ကိုဗစ်-၁၉ ကပ်ရောဂါအတွင်း ကဏ္ဍများစွာတွင် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှု အရှိန်အဟုန်ဖြင့် တိုးမြှင့်လာမှုကြောင့် လူမှုရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်မှုများ မြင့်တက်လာခဲ့ပါကြောင်း၊ ကပ်ရောဂါအလွန် ပြန်လည်ထူတောင်ရေးတွင် ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ တီထွင်ဖန်တီးမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နည်းပညာအသစ်များကို အသုံးချခြင်းသည် ကောင်းမွန်သောနည်းလမ်းများပင်ဖြစ်ပါကြောင်း ဖော်ပြပါရှိသည်။

မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသော လူမှုရေးနှင့် စီးပွားရေးကဏ္ဍတို့အား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယဉ်ကျေးမှုနှင့် အနုပညာကဏ္ဍသည် အရေးပါသောအခန်းကဏ္ဍဖြစ်ပါကြောင်း၊ ကပ်ရောဂါဖြစ်ပွားမှုအတွင်း အာဆီယံယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများ မတူကွဲပြားမှု၊ အာဆီယံယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်ရေး၊ ယဉ်ကျေးမှုဆိုင်ရာ တီထွင်ဖန်တီးမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ လူ့စွမ်းအားအရင်းအမြစ် စွမ်းဆောင်ရည်မြှင့်တင်ရေး စသည့် လုပ်ငန်းများစွာတွင် ပါဝင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသော မျိုးဆက်သစ်လူငယ်များအား အသိအမှတ်ပြုပါကြောင်း၊ ယဉ်ကျေးမှုဆိုင်ရာ တီထွင်ဖန်တီးမှု အကောင်အထည်ဖော်မှုဆိုင်ရာ ဆီရမ်ရိကြေညာစာတမ်းအား အကောင်အထည်ဖော်ဆောင်နိုင်မှုနှင့် စပ်လျဉ်း၍ ကြိုဆိုပါကြောင်း၊ ကပ်ရောဂါအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ချမှတ်ထားသည့် မဟာဗျူဟာများ၌ အာဆီယံဒေသတွင်းအဆင့်နှင့် နိုင်ငံတကာအဆင့် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးမူဝါဒများ ပါဝင်မှုကို အားပေးပါကြောင်း၊ ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့၌ ကျင်းပခဲ့သည့် "ယဉ်ကျေးမှုပစ္စည်း ကာကွယ်စောင့်ရှောက်ရေး နိုင်ငံတကာညီလာခံ- ယဉ်ကျေးမှုပစ္စည်း တရားမဝင်ရောင်းဝယ်ဖောက်ကားမှု တားဆီးရေး- အာဆီယံရှုထောင့်" အပြည်ပြည်ဆိုင်ရာ ညီလာခံအတွင်း ကမ္ဘောဒီးယားနိုင်ငံမှ အဆိုပြုထားသည့် ယဉ်ကျေးမှုပစ္စည်းများ ကာကွယ်စောင့်ရှောက်ရေးနှင့်စပ်လျဉ်း၍ အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီးများ အစည်းအဝေး (AMCA)၏ ထုတ်ပြန်ချက်အား မြန်မာနိုင်ငံက ကြိုဆိုပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ထို့ပြင် (၁၈)ကြိမ်မြောက် အာဆီယံ ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အောက်တိုဘာ ၂၅ ရက်က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့ရာ မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီး(SOMCA Leader) သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်နှင့် ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိုင်းရင်းသားဘာသာစကား ၇၂ မျိုး သင်ကြားပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၇**

Teaching Assistance(TA) နှင့် Language Teacher (LT)ဆရာ ဆရာမများ ရွေးချယ်ခန့်ထားရေးတွင် ပညာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့တွင် တာဝန်အရှိဆုံးဖြစ်ပါကြောင်း၊ ယနေ့ မျက်မှောက်ကာလတွင် တိုင်းရင်းသားဘာသာစကား ပြောဆိုနိုင်သည့် မိဘနှစ်ပါးကမွေးဖွားလာသည့် သားသမီးများပင်လျှင် မိခင်ဘာသာစကားကို တတ်မြောက်ကျွမ်းကျင်မှု နည်းပါးလာသည်ကို တွေ့မြင်နေရပါကြောင်း၊ မိမိတို့၏ ဘာသာစကားကို မကာကွယ် မစောင့်ရှောက်နိုင်ပါက ဘာသာစကား ပျောက်ကွယ်သွားနိုင်ပြီး လူမျိုးပါ ပျောက်ကွယ်နိုင်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က ပြောကြားသည်။



တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားဘာသာ စာပေသင်ကြားရေးနှင့် စပ်လျဉ်းသည့် အကြိုလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ တားဆီးကာကွယ်ရေး ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပရာတွင် ပြည်ထောင်စုဝန်ကြီးက ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနနှစ်ခု ပူးပေါင်းဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်ပါသဖြင့် မူဝါဒပိုင်းတွင် ပိုမိုစနစ်တကျရှိရန် အရေးကြီးပါကြောင်း၊ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် ကျင်းပခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက "တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သင်ကြားရေးအထောက်အကူပြုနှင့် ဘာသာစကားသင် ဆရာ ဆရာမများ ခန့်အပ်တာဝန်ပေးခြင်းမှာ တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုနှင့် ဘာသာကို ထိန်းသိမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း" ပြောကြားခဲ့သည်ကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားစာပေသင်ကြားရေးနှင့်ပတ်သက်၍ အထူးအလေးထားသည်ကို တွေ့မြင်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားစာပေဘာသာစကား သင်ကြားရေးကိစ္စရပ်များတွင် ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်ပြီး ကြုံတွေ့နေရသည့် အခက်အခဲများကို တိုင်းရင်းသားများ အတွက်ရေးရှုကာ ဖြေရှင်းနိုင်မည့် အကောင်းဆုံးနည်းလမ်းရရှိစေရန် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ပညာရေးဝန်ကြီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိုင်းရင်းသားဘာသာစကား (၇၂) မျိုးဖြင့် သင်ကြားပေးလျက်ရှိပါကြောင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အထိ Teaching Assistance(TA)နှင့် Language Teacher (LT) ဆရာဆရာမ စုစုပေါင်း ၁၅၀၉၃ ဦး ခန့်ထားပေးပြီးဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားဘာသာစကား၊ စာပေသင်ကြားသင်ယူမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် အချက်များအား ဆွေးနွေးသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) အခန်း(၁)၊ နိုင်ငံတော်အခြေခံမူများ ခေါင်းစဉ်အောက်ရှိ ပုဒ်မ ၂၂ (က)တွင် "နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ပေးရမည်" ဟူ၍ ပြဋ္ဌာန်းထားပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တိုင်းရင်းသားများ၏ စကား၊ စာပေ၊ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ Teaching Assistance (TA)နှင့် Language Teacher (LT)ဆရာ ဆရာမများ ခန့်ထားခြင်းအားဖြင့် တိုင်းရင်းသားလူမျိုးများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေပါကြောင်း၊ Teaching Assistance (TA)ခန့်ထားပေး ခြင်းအားဖြင့် တိုင်းရင်းသားဘာသာစာပေသင်ကြားရေးတွင် မိခင်ဘာသာစကားတစ်ခုတည်းကိုသာ တတ်မြောက်သည့်ကလေးများအတွက် ပညာသင်ကြားရာ၌ များစွာအထောက်အကူပြုစေပါကြောင်း၊ တိုင်းရင်းသားများ၏ စာပေ၊ ဘာသာ၊ စကားတိုးတက်ရေးအတွက် အကြံပြုဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်တို့က ဆွေးနွေးတင်ပြခဲ့ကြသည်။

၎င်းနောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိဘပြည်သူများသို့ အသိပေးထုတ်ပြန်ချက်

၁။ မိဘပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ ၆၆/၆ (အထစ)နှင့်ပတ်သက်၍ အခက်အခဲများ သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ကြောင်း ၁၉-၉-၂၀၂၂ ရက်နေ့မှစတင်၍ အသိပေးကြေညာခဲ့ပါသည်။

၂။ အဆိုပါထုတ်ပြန်ချက်၏ အပိုဒ် (၁)(င) နှင့် (၂)(ဃ)တွင် အောက်ဖော်ပြပါအတိုင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်-

အပိုဒ်(၁)(င) နိုင်ငံသားစိစစ်ရေးကတ်တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားရှိခြင်းမပြုရ။ ကိုင်ဆောင်ထားခြင်းရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် အမြန်သွားရောက်အပ်နှံရမည်။ ၁-၁၁-၂၀၂၂ ရက်နေ့အထိ ကတ်အပိုများအပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူသော နိုင်ငံသားကတ်ကိုသာ အတည်ပြု၍ ယခင်ကတ်အပိုများအား ပယ်ဖျက်စာရင်းသွင်းပါမည်။

အပိုဒ်(၂)(ဃ) ပုံစံ ၆၆/၆ (အထစ) တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာ မြို့နယ်လဝကရုံးများသို့ အမြန်သွားရောက်သတင်းပို့ ဖြေရှင်းရမည်။ (ဥပမာ- ပုသိမ်တွင် အထစ ပြုလုပ်ထားသော်လည်း ရန်ကုန်တွင် အထစ ထပ်မံပြုလုပ်ထားရှိခြင်း)၊ ၁-၁၁-၂၀၂၂ ရက်နေ့အထိ ပုံစံ ၆၆/၆ (အထစ) အပိုများအပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူထားသော ပုံစံ ၆၆/၆ (အထစ) ကိုသာ အတည်ပြု၍ ယခင်ပုံစံ ၆၆/၆ (အထစ) များအား ပယ်ဖျက်စာရင်းသွင်းပါမည်။

၃။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ (၅၂)သန်းကျော်အား စာရင်းသွင်းပြီးဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အခြားအသိအမှတ်ပြုကတ်များ၊ ပုံစံ ၆၆/၆ အိမ်ထောင်စုလူဦးရေစာရင်းများ ကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများအား နီးစပ်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာခဲ့ပါသည်။

၄။ အဆိုပါအသိပေးထုတ်ပြန်ချက်နှင့်ပတ်သက်၍ ၁-၁၁-၂၀၂၂ ရက်နေ့အထိ ဆောင်ရွက်နိုင်ကြောင်း ကြေညာထားသော်လည်း **ပြည်သူများ၏ ပညာရေးအောင်လက်မှတ်၊ ဘွဲ့လက်မှတ်များ၊ ဘဏ်ငွေစာရင်းများနှင့် စီးပွားရေးလုပ်ငန်းများ၊ အိမ်၊ ခြံ၊ မြေပိုင်ဆိုင်မှုများ၊ တယ်လီဖုန်း စသည့် ဆက်သွယ်ရေးလုပ်ငန်းများနှင့် သက်ဆိုင်နေသဖြင့် ပိုမိုသိရှိလာရောက်ဆောင်ရွက်နိုင်ရေးအတွက် ရက်သတ္တ(၂)ပတ်တိုး၍ ၁၅-၁၁-၂၀၂၂ ရက်နေ့အထိ လာရောက်ဆောင်ရွက်နိုင်ရန် ထပ်မံအသိပေးကြေညာအပ်ပါသည်။**

**လူဝင်မှုကြီးကြပ်ရေးနှင့်**
**ပြည်သူ့အင်အားဝန်ကြီးဌာန**

## ပဲခူးတိုင်းဒေသကြီးအတွင်း ရွေးကောက်ပွဲမဲစာရင်းများ မှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး အတွင်း ရွေးကောက်ပွဲမဲစာရင်းများ မှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်က ပဲခူးမြို့ရှိ တော်ဝင်ဟံသာခန်းမ၌ ကျင်းပသည်။





**ပန်းခင်းစီမံချက်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားအားလုံး ၎င်းတို့၏ နိုင်ငံသားဖြစ်တည်မှုအရ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးခြင်းလုပ်ငန်းကို ခေတ်အဆက်ဆက် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ယခုနိုင်ငံတော်အစိုးရ တာဝန်ယူစဉ်ကာလအတွင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူနိုင်ငံသားအားလုံး ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေး ရည်ရွယ်၍ ပန်းခင်းစီမံချက်ဖြင့် ၁၈ လတာကာလအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မိမိတို့ဌာနအနေဖြင့် မဲစာရင်းမှန်ကန်ရေးအတွက် ဆက်စပ်ဌာနများဖြစ်သည့် ရွေးကောက်ပွဲကော်မရှင်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ တိုင်းဒေသကြီး/ပြည်နယ်အလိုက် မြေပြင်ကွင်းဆင်းဆောင်ရွက်ခဲ့သည့် ကနဦးစာရင်းများသည် မိမိတို့ဝန်ကြီးဌာန၏ အခြေခံစာရင်းဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)ပါ စာရင်းများနှင့် ကိုက်ညီရေးအတွက် သုံးပွင့်ဆိုင်တိုက်ဆိုင်စစ်ဆေးရမည်ဖြစ်ကြောင်း။

**ရှင်းလင်းပြောကြား**

ပဲခူးတိုင်းဒေသကြီး၏ လူဦးရေစာရင်းသည်လည်း ယင်းကဲ့သို့ သုံးပွင့်ဆိုင်တိုက်ဆိုင်စစ်ဆေးပါက စာရင်းအမှန်ရရှိမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများ၏ အခြေခံဒေသလူဦးရေစာရင်းများသည် အနီးစပ်ဆုံးတိကျမှန်ကန်သည့်အတွက် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများရှိ လက်ရှိမြေပြင်လူဦးရေစာရင်းများဖြင့် တိုက်ဆိုင်၍ လူဦးရေတိုးခြင်း၊ လျော့ခြင်း၊ စာရင်းပယ်ဖျက်ခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်းများကို ဌာနအချင်းချင်းညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ဌာနအနေဖြင့်လည်း မြို့နယ်ရုံးအသီးသီးရှိ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)နှင့် နိုင်ငံသားကတ်ထုတ်ပေးခြင်းမှတ်ပုံတင်စာအုပ်(နိုင်-၄)တို့ပါ အချက်အလက်များအား နည်းပညာအကူအညီဖြင့် ရုံးချုပ် Server သို့ ထည့်သွင်းဆောင်ရွက်ခဲ့ရာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ် အပိုကိုင်ဆောင်မှုများ၊ အချက်အလက်လွဲမှားမှုများရှိနေသည်ကို တွေ့ရှိရကြောင်း၊ ပြည်သူများအနေဖြင့် အချက်အလက်လွဲမှားမှုများ၊ အပိုကိုင်ဆောင်မှုများရှိပါက ပြန်လည်အတည်ပြု ပြင်ဆင်အပ်နှံဆောင်ရွက်နိုင်ရန် လာမည့်နိုဝင်ဘာ ၁ ရက် နောက်ဆုံးထားပြင်ဆင်အတည်ပြုနိုင်ရေး မိဘပြည်သူများသို့ အသိပေးထုတ်ပြန်ချက်များကို မီဒီယာမျိုးစုံမှ အသိပေးဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းအသိပေးထုတ်ပြန်ချက်ကိုလည်း ရပ်ကွက်/ကျေးရွာအဆင့်ထိ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်လိုက်ပါ ပူးပေါင်းဆောင်ရွက်နိုင်ရေး လက်ဆင့်ကမ်း ပြောကြားပေးကြစေလိုကြောင်း၊ အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီးအတွင်း မဲစာရင်းမှန်ကန်စွာပြုစုနိုင်ရေးအတွက် ဆက်စပ်ဌာနများအချင်းချင်း ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်နေမှုနှင့် ပြည်သူများအား အသိပေးထုတ်ပြန်ချက်နှင့်ပတ်သက်၍ ရပ်ကွက်/ကျေးရွာအရောက် ပြည်သူများသိရှိစေရေး ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီးဦးစီးမှူး ဦးအောင်မင်းက ပန်းခင်းစီမံချက်ဆောင်ရွက်ပြီးစီးမှုနှင့် မဲစာရင်းမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိ ဒေါက်တာကျော်ကိုလတ်က မြေပြင်လူဦးရေစာရင်းကွင်းဆင်းကောက်ယူထားရှိမှု အခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဖြည့်စွက် ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေး၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အတွက် အရေးကြီးသည့် လုပ်ငန်းတစ်ခုဖြစ်သည့် မဲစာရင်းမှန်ကန်စွာပြုစုရေးလုပ်ငန်းကို သတ်မှတ်ကာလအတွင်း အောင်မြင်စွာပြီးစီးနိုင်ရေး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**



## ဓနုဖြူမြို့ မြို့မဈေးကြီးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်

**ဓနုဖြူ အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို အောက်တိုဘာ ၂၆ ရက် ညနေပိုင်းက ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

**စစ်ဆေးကြည့်ရှု**

ဓနုဖြူမြို့မဈေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မီးသတ်ဦးစီးမှူးနှင့် အဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များနှင့် ဈေးသူ ဈေးသားများ ပူးပေါင်း၍ တွေ့ဆုံဆွေးနွေးကြပြီး ဈေးရုံအတွင်း လှည့်လည်စစ်ဆေးကြည့်ရှုကာ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးနောင်နောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ပြခြင်း၊ မီးသတ်ဆေးဘူးအသုံးပြုပုံအား ရှင်းလင်းပြောကြားခြင်း၊ ဆီမီးလောင်မှုအား မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်မှုများကို သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

အဆိုပါ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသရုပ်ပြဇာတ်တိုက်လေ့ကျင့်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုတင့်၊ အဖွဲ့ဝင်(၂)ဦးစိန်မောင်ဝင်းနှင့် အဖွဲ့ဝင်များ ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းအောင်သူတို့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လွိုင်ကော်မြို့၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် မတည်ထောက်ပံ့ငွေများပေးအပ်ခြင်းအခမ်းအနား ကျင်းပ



**လွိုင်ကော် အောက်တိုဘာ ၂၇**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် မတည်ထောက်ပံ့ငွေများပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

**ပြောကြား**

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က နိုင်ငံတော်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာဖူလုံရေးဆိုသည့် အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ပြန်လည်မြှင့်တင်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆက်နွယ်သည့် လုပ်ငန်းဆောင်ရွက်နေသူများကို အရင်းအနှီးရရှိစေရန် ရည်ရွယ်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ချေးငွေမတည် ထောက်ပံ့ငွေများ ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ချေးငွေမတည်ရန်ပုံငွေများကိုပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က မွေးမြူရေးအစုအဖွဲ့များနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး သမဝါယမအသင်း ၁၄ သင်းတို့အတွက် လည်းကောင်း၊ ဒေသကွပ်ကဲရေးမှူးက ငါးမွေးမြူရေး ဖော်စပ် အစာထုတ်လုပ်ငန်းများအတွက် လည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လွိုင်ကော်မြို့နယ် နေကြာစိုက် တောင်သူအစုအဖွဲ့များနှင့်ပြည်နယ်သယံဇာတရေးရာဝန်ကြီးက ဒီးမော့ဆိုမြို့နယ် နေကြာစိုက်တောင်သူ အစုအဖွဲ့များအားလည်းကောင်း မတည်ထောက်ပံ့ငွေများ ပေးအပ်ရာ တောင်သူများက လက်ခံရယူကြသည်။

ယင်းနောက် စိုက်ပျိုးမွေးမြူရေး တောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး တက်ရောက်လာကြသည့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းရှင် တောင်သူများက သိရှိလိုသည်များကို တင်ပြခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**တွေ့ဆုံနှုတ်ဆက်**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းရှင် တောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားခဲ့သည်။

ယနေ့အခမ်းအနားတွင် ကယားပြည်နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပြည်နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ တောင်သူ ၆၃ ဦးအတွက် ချေးငွေကျပ် ၃၈ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းရှင် ၆၀ အတွက် ချေးငွေကျပ် ၄၀၉ ဒသမ ၀၅ သန်း၊ သမဝါယမအသင်း ၁၄ သင်းအတွက် ချေးငွေကျပ်သန်း ၂၈၀၊ စုစုပေါင်း ၇၂၇ ဒသမ ၈၅ သန်းကို လုပ်ငန်းရှင် တောင်သူများထံ လက်ဝယ်အရောက် မတည်ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၁ / ၂၀၂၂ )
၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်
( ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက် )

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ [UNION BETTERMENT PARTY (UBP)]** ကို မှတ်ပုံတင်အမှတ် (၁၁၂)၊ ၂၅-၄-၂၀၁၉ ရက်စွဲပါ ကြေညာချက်အမှတ်(၅၈/၂၀၁၉)ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ[UNION BETTERMENT PARTY (UBP)]**က ၁၁-၁၀-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ၁/စီမံ-၁ /ပကဆ/(၂)ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ဖျက်သိမ်းပေးပါရန် တင်ပြချက်နှင့်စပ်လျဉ်း၍ ၂၅-၁၀-၂၀၂၂ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ်(၁၂/၂၀၂၂)၏ ဆုံးဖြတ်ချက်အရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၉(က)နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီကို ဖျက်သိမ်းရန် အတည်ပြုခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ[UNION BETTERMENT PARTY (UBP)]**ကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းလိုက်သည်။

( သိန်းစိုး )
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



*** ကျောဖုံးမှ**

ကလေးနှလုံးရောဂါကုသခြင်းများကို ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး(ရန်ကုန်)တွင် နှလုံးဆေးကုသဆောင်မှ ကလေးနှလုံးအထူးကုဆရာဝန်များကိုယ်တိုင် လုပ်ဆောင်၍ လည်းကောင်း၊ နိုင်ငံခြားမှကျွမ်းကျင်သော ကလေးနှလုံးအထူးကုဆရာဝန်များအား ဖိတ်ခေါ်၍လည်းကောင်း ဆောင်ရွက်လျက်ရှိရာ ၂၀၁၅ ခုနှစ် ဩဂုတ်လမှ ယနေ့အထိ စုစုပေါင်းနှလုံးရောဂါဝေဒနာရှင် ကလေးလူနာ ၁၃၉၀ ကို အောင်မြင်စွာ ကုသနိုင်ခဲ့ပြီးဖြစ်သည်။

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ ကလေးအထူးကုဆေးရုံကြီးမှ ကလေးနှလုံးအထူးကုဆရာဝန် Dr. Do Nguyen Tin သည် ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး(ရန်ကုန်)တွင် နှလုံးဆေးကုသဆောင်မှ ကလေးနှလုံးအထူးကုဆရာဝန်များနှင့်အတူ မကြာခဏ ပူးပေါင်းဆောင်ရွက်၍ နှလုံးရောဂါဝေဒနာရှင် ကလေးလူနာများအား အောင်မြင်စွာ ကုသမှုများဆောင်ရွက်လျက်ရှိသည်။

ခုတင်(၅၅၀)ဆံ့ကလေးဆေးရုံကြီး(ရန်ကုန်)တွင် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ အောက်တိုဘာ ၁၂ ရက်အထိ ပြင်ပလူနာကြည့်ရှုကုသမှုအနေဖြင့် ကလေးလူနာ ၂၆၃၇၀ ကို လည်းကောင်း၊ နှလုံးပုံရိပ်ဖော်စက်ဖြင့်ကုသမှု(Echocardiogram)ဖြင့် ကလေးလူနာ ၁၄၅၂ ဦးကို လည်းကောင်း၊ နှလုံးပိုက်သွင်း၍ကုသမှု (Cardiac Catheterization Procedure) ဆောင်ရွက်ပေးသော ကလေးနှလုံးလူနာ ၆၇ ဦးကို လည်းကောင်း ကုသမှုများပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


# တတိယအကြိမ် မြန်မာ(လားရှိုး)-တရုတ်(လင်ချန်း) နယ်စပ်စီးပွားရေးနှင့် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဦးဆောင်၍ အောက်တိုဘာ ၂၇ ရက်မှ ၃၀ ရက် အထိ ကျင်းပမည့် "တတိယအကြိမ် မြန်မာ(လားရှိုး)-တရုတ်(လင်ချန်း) နယ်စပ်စီးပွားရေးနှင့် ကုန်စည်ပြပွဲ" ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် Virtual စနစ်ဖြင့် ကျင်းပသည်။

**တက်ရောက်**

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လင်ချန်းမြို့ ပါတီကော်မတီအတွင်းရေးမှူး ကျန်းကြည်းကျိန့်၊ လင်ချန်းမြို့တော်ဝန် သုကျန့်ဟွေးနှင့် တာဝန်ရှိသူများ၊ ကုန်သည်အသင်းအဖွဲ့များနှင့် ကုန်စည်ပြပွဲတွင် ပါဝင်ပြသမည့် ကုမ္ပဏီ ၄၃ ခုမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



ဖွင့်ပွဲအခမ်းအနားတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် လင်ချန်းမြို့ ပါတီကော်မတီအတွင်းရေးမှူးတို့က မိန့်ခွန်းပြောကြားခဲ့ကြပြီး ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီးက ကုန်စည်ပြပွဲအား ဖွင့်လှစ်ကြောင်း ကြေညာပေးသည်။

ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံမှ ထွက်ရှိသည့် ဒေသထွက်ကုန်များ၊ စားသောက်ကုန်များ၊ ပရိဘောဂပစ္စည်းများနှင့် အဝတ်အထည်များကို မြန်မာနိုင်ငံမှ ကုမ္ပဏီ ၃၃ ခုနှင့် တရုတ်နိုင်ငံမှ ကုမ္ပဏီ ၁၀ ခု စုစုပေါင်း ၄၃ ခုတို့သည် Myanmar Online Expo Park အွန်လိုင်းကုန်စည်ပြပွဲ Platform မှ လေးရက်ကြာ ပါဝင်ပြသကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူများအနေဖြင့် http://www.myanmarexpopark.com သို့ ဝင်ရောက်၍ Visitor/Buyer Registration တွင် မှတ်ပုံတင်ဆောင်ရွက်ပြီး လေ့လာကြည့်ရှုဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

■

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှုအထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲဖိတ်ခေါ်ခြင်း

**နေပြည်တော် အောက်တိုဘာ ၂၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၅ ရက်နေ့မှ ဒီဇင်ဘာ ၁၀ ရက်အတွင်း ကျရောက်သော အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှုအထိမ်းအမှတ်အဖြစ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို **“အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအဆုံးသတ်ရေး အားလုံးပေါင်းစုလှုပ်ရှားပေး”** ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။

ပြိုင်ပွဲဝင်ဆောင်းပါးကို အမျိုးသမီးအခွင့်အရေးနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် စပ်လျဉ်းသည့် အကြောင်းအရာများဖြင့် အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ ရေးသားပေးပို့ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ပြိုင်ပွဲတွင် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

(ခ) ပြိုင်ပွဲဝင်များသည် သတ်မှတ်ထားသော ခေါင်းစဉ်အောက်မှ မိမိကြိုက်နှစ်သက်ရာပုံစံဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ဂ) ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 ဆိုဒ် စာမျက်နှာအနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိ ရေးသားယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ဃ) ကွန်ပျူတာစာလုံး Myanmar Unicode (Pyidaungsu Font)၊ စာလုံးအရွယ်အစား-၁၄ (Font Size 14) စာကြောင်းအကွာအဝေး ၁.၅ (Line Spacing 1.5)၊ စာရွက်ဘောင်ဆိုဒ် ၁ လက်မပတ်လည် (Margins 1" ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရမည်ဖြစ်ပါသည်။

(င) ပြိုင်ပွဲဝင်များပေးပို့သည့်စာမူများသည် မိမိကိုယ်တိုင်ဖန်တီးရေးသားထားသည့် စာမူဖြစ်ပြီး ပေးပို့လာသည့်စာမူသည် ဂျာနယ်၊ မဂ္ဂဇင်းများနှင့် မီဒီယာများတွင် ဖော်ပြထားပြီးသည့်စာမူများ မဖြစ်စေရပါ။

(စ) ဆုရွေးချယ်ခံရခြင်းမရှိသော ဆောင်းပါးများအား ပြန်လည်ပေးပို့မည်မဟုတ်ပါ။

(ဆ) ပြိုင်ပွဲဝင်ဆောင်းပါးအား ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို ပြိုင်ပွဲဝင်သူမှ သဘောတူခွင့်ပြုရပါမည်။

ပြိုင်ပွဲဝင်ဆောင်းပါးများကို ပညာရှင်များပါဝင်သော ဆုများစိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆု (၂) ဆု စုစုပေါင်း (၅)ဆုကို ချီးမြှင့်မည်ဖြစ်ပြီး ဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည် ဖြစ်သည်။

ပြိုင်ပွဲဝင်ဆောင်းပါးများကို (Hard / Soft –copy) တစ်စုံစီ၊ ကိုယ်တိုင်ဖန်တီးရေးသားထားကြောင်း ဝန်ခံကတိပြုချက်၊ ပြိုင်ပွဲဝင်သူ၏အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ ၃ပုံ၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်တို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်-၂၃၊ နေပြည်တော်၊ (တယ်လီဖုန်းအမှတ် ၊ ၀၆၇-၄၀၄၃၀၀၁၊ ၀၆၇-၄၀၄၂၅၁၊ အီးမေးလ် dswwdd2022@gmail.com) သို့ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပါသည်။ (သတ်မှတ်ရက်ကျော်လွန်ပြီး စည်းကမ်းချက်များနှင့်မပြည့်စုံသော ဆောင်းပါးများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

ဆုရရှိသူများကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ရုံးအမှတ်(၂၃) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်၌ ကျင်းပပြုလုပ်မည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

# (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့မဈေး သားငါးဈေးရုံ ဖွင့်လှစ်

**ဘားအံ အောက်တိုဘာ ၂၇**

(၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့ မြို့မဈေး သားငါးဈေးရုံဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဈေးရုံရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဈေးအင်္ဂါရပ်များနှင့်အညီ ကွန်ကရစ်ဈေးခုံများ၊ ရေမြောင်းများ၊ ရေပိုက်ခေါင်းများ စနစ်တကျ ထည့်သွင်းတည်ဆောက်ပေးထားသည့်အတွက် ဈေးသူဈေးသားများအနေဖြင့် အနံ့အသက်ကင်းရှင်းပြီး ကျန်းမာရေးနှင့်အညီ သားငါးများ ရောင်းချနိုင်မည်ဖြစ်သကဲ့သို့ ဝယ်ယူစားသုံးသူများအနေဖြင့်လည်း သန့်ရှင်းလတ်ဆတ်သော သားငါးများကို စိတ်အေးချမ်းသာစွာ ဝယ်ယူနိုင်မည်ဖြစ်ကြောင်းနှင့် မြို့မသားငါးဈေးရုံ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်ဖွင့်လှစ်ပေးကြပြီး မြို့မဈေး သားငါးဈေးရုံ၌ ဈေးသူဈေးသားများ အသားနှင့် ငါးများ ရောင်းဝယ်ဖောက်ကားနေမှုနှင့် စားသုံးသူပြည်သူများ ဈေးဝယ်ယူနေမှု အခြေအနေကို ကြည့်ရှုအားပေးကြသည်။

မြို့မဈေး သားငါးဈေးရုံသည် ယခင်က ပျက်စီးနေသည့် သစ်သားတိုင်၊ သွပ်မိုးအဆောက်အအုံအတွင်း၌ ဈေးတည်ခင်းရောင်းချနေရပြီး ဟောင်းနွမ်းပျက်စီး၍ ရေစီးရေလာကောင်းမွန်ခြင်း မရှိသည့်အတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၄၄ သန်းဖြင့် မြို့အင်္ဂါရပ်နှင့်အညီ ( ၆၆ ပေ x ၄၂ ပေ x ၂၅ ပေ ) သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံကို တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





# နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ထိန်းသိမ်းထားရှိသည့် မော်ကွန်းမှတ်တမ်းများ လွှဲပြောင်းပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၇**

နိုင်ငံခြားရေးဝန်ကြီးဌာန မော်ကွန်းနှင့်စာကြည့်တိုက်ဌာနစုတွင် ထိန်းသိမ်းထားရှိသည့် မော်ကွန်းမှတ်တမ်းများကို မော်ကွန်းမှတ်တမ်းများဥပဒေနှင့်အညီ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မော်ကွန်းမှတ်တမ်းများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက နိုင်ငံခြားရေးဝန်ကြီးဌာန စတုရင်္ဂဗလခန်းမ၌ ကျင်းပခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မော်ကွန်းစံနှုန်းများနှင့် ကိုက်ညီသည့်မှတ်တမ်း ၁၉၄၉ စောင်၊ ဓာတ်ပုံ ၆၆၇၂ ပုံနှင့် မြေပုံ ၈၈၄ ချပ်တို့ကို အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။

**သတင်းစဉ်**

# ငပုတောမြို့နယ်၌ ဆောင်းသီးနှံနေကြာမျိုးစေ့ပေးအပ်ပွဲ ကျင်းပ

**ငပုတော အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ ဆောင်းသီးနှံနေကြာစိုက်ပျိုးမည့် တောင်သူများအား မျိုးစေ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်သူက နေကြာအမှန်တကယ် စိုက်ပျိုးမည့် တောင်သူများအား စီမံကိန်းလျာထားချက်များနှင့် အညီ စိုက်ပျိုးနိုင်ရေးအတွက် အလေးထား ဆောင်ရွက်ရန်လိုကြောင်း၊ အထွက်နှုန်းကောင်းမွန်စေရေးအတွက် စိုက်ပျိုးရေးနည်းစနစ်မှန်ကန်စွာ စနစ်တကျ စိုက်ပျိုးရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကော်မတီ အတွင်းရေးမှူး ဦးထွန်းမျိုးသန့်က နေကြာစိုက်ပျိုးရန်အတွက် နည်းစနစ်ကောင်းများ၊ မျိုးရွေးချယ်ပုံ၊ စိုက်ပျိုးချိန်၊ ကြာမြင့်ချိန်၊ အပင်ပြုစု စောင့်ရှောက်ခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း စသည့် အကြောင်းအရာများကို တောင်သူများအား ရှင်းလင်းပြောကြားသည်။



ထို့နောက် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်သူ၊ အတွင်းရေးမှူး ဦးထွန်းမျိုးသန့်နှင့် တက်ရောက်လာကြသော သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ဆောင်းသီးနှံနေကြာ စိုက်ပျိုးမည့် ကျေးရွာအုပ်စု ၃၀ မှ တောင်သူ ၂၃၁ ဦး၏ စိုက်ပျိုးမြေ ၃၆၆ ဧက အတွက် ရေဆင်း(၁) စပ်မျိုးနေကြာမျိုးစေ့ ၁၀၀၈ ကီလိုအား တောင်သူများထံသို့ ပေးအပ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျုံပျော်တွင် မိုးစပါးစံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲ ပြုလုပ်

ကျုံပျော် အောက်တိုဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်ကာ မိုးစပါးစံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲအခမ်းအနားကို မြေရဲတောင်အုပ်စု တောင်သူ ဦးတင်ရှိန်၏ မော်ဘီ(၃) စပါးမျိုး စံပြကွက် ဧက ၁၀၀ ၌ တစ်ဧက တင်း ၁၀၀ ထွက်ရှိရေး စိုက်ခင်းသုံးဧကအတွင်း ယနေ့ မွန်းလွဲ ၂ နာရီက ပြုလုပ်သည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေယျမင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ စိုက်ပျိုးရေးဦးစီးအရာရှိ ဦးကျော်ကျော်နှင့် ဝန်ထမ်းများ၊ စိုက်၊ တိုး၊ မြှင့် ဝန်ထမ်းများနှင့် တောင်သူ ၅၀ တို့ တက်ရောက်ကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက မိုးစပါး(စိုက်ခင်း) တစ်ဧကအတွက် မြေပြင်ခြင်း၊ ပျိုးထောင်စိုက်ပျိုးခြင်း၊ အပင်ပြုစုခြင်း၊ ရိတ်သိမ်းခြင်းနှင့် သွင်းအားစု စသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရိတ်သိမ်းပွဲကို ရိတ်သိမ်းခြွေလှေ့စက်အသုံးပြု၍ မော်ဘီ(၃)စပါးမျိုး စိုက်ခင်း သုည ဒသမ ၁၀ ဧက စံကွက်တွင် ပြုလုပ်ရာ စပါးအစိုခါတ် ၁၆ ဒသမ ၃ ရာခိုင်နှုန်းတွင် ဖ၅ဖ ဒသမ ၃ ပေါင် ရရှိပြီး တစ်ဧကလျှင် အစိုထွက်နှုန်း ၁၄၂ ဒသမ ၉ တင်းနှင့် အခြောက်ထွက်နှုန်း ၁၃၆ ဒသမ ၈၉ တင်းအထိ ထွက်ရှိကြောင်း၊ အဆိုပါစံကွက်တွင် စားသုံးဆီဖူလုံရေးအတွက် နေကြာသီးနှံကို ဆက်လက်စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျုံပျော်(ပြန်/ဆက်)**



# လုပ်ငန်းခွင်ပြင်ပတွင် ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ထုတ်ပေး

ရန်ကုန် အောက်တိုဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Myanmar LNY Caps Co., Ltd မှ အာမခံအလုပ်သမား ဒေါ်မိုးမိုးသန်းသည် ယာဉ်မတော်တဆမှုဖြင့် သေဆုံးသွားခဲ့သည့်အတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေးခြင်းကို အောက်တိုဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် လှိုင်သာယာမြို့နယ် လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လှိုင်သာယာမြို့နယ် လူမှုဖူလုံရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်းကို ကျန်ရစ်သူမိသားစုဝင်များအား ရှင်းလင်းပြောကြားသည်။ မြို့နယ်လူမှုဖူလုံရေးရုံး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် Myanmar LNY Caps Co., Ltd မှ အာမခံအလုပ်သမား ဒေါ်မိုးမိုးသန်း အလုပ်ခွင်ပြင်ပထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၃၇၈၀၀၀၀ ကို မိခင်ဖြစ်သူ ဒေါ်မြဒွေးထံသို့ အင်းစိန်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသူမျိုးချစ်က အလုပ်ဌာနတာဝန်ရှိသူများ၊ အလုပ်သမားရေးရာညှိနှိုင်းရေး ကော်မတီအဖွဲ့ဝင်များ ရှေ့မှောက်တွင် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းအကျိုးခံစားခွင့်များကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**




# ထားဝယ်မြို့နယ် ပေါက်တိုင်းကျေးရွာရှိ လမ်းမြေဖို့ခြင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ထားဝယ် အောက်တိုဘာလ ၂၇**

တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ထားဝယ်မြို့နယ်အတွင်း ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဆိုင်ရာ ကဏ္ဍအသီးသီးကို အကျိုးပြုစေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းဖြင့် သံဝေဂလမ်းမြေဖို့ခြင်းနှင့် ကွန်ကရစ်ခင်းခြင်းတို့အတွက် နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၁၀ သန်း၊ ကျေးရွာထည့်ဝင်ငွေကျပ် ငါးသန်း စုစုပေါင်း ငွေကျပ် ၁၅ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ထားဝယ်မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးသီနှင့် ဝန်ထမ်းများသည် ကျေးရွာမှ တာဝန်ရှိသူများနှင့် ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ဆောင်ရွက်သော လုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီ ပြီးစီးနိုင်ရေး သက်ဆိုင်ရာကျေးရွာမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ထားဝယ်မြို့နယ်အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျောက်ရပ်၊ ကျောက်မဲတောင်၊ ဖောင်းတောမီးစက်၊ ကထောင်းနီ၊ ပေါက်တိုင်းကျေးရွာ ငါးရွာတို့တွင် နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၁၀ သန်းစီဖြင့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**၂၂၂**



# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၂၇

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့ ကျွဲရဲပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ကိုင်းမြို့နယ်အတွင်း တရားမဝင်ကျွန်းသစ်ခွဲသား ၁၁ ဒသမ ၄၃၅၂ တန် (ခန့်မှန်းတန်ဖိုးငွေ ၇၅၄၇၂၃၂ ကျပ်)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၄၇၂၃၂ ကျပ်ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသည့် Bopp Film ကီလိုဂရမ် ၂၄၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၆၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၁၆၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အောက်တိုဘာ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့်ယာဉ်နှစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၁၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၂၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ခပေါင်းကြိုးဝိုင်းအတွင်း တရားမဝင် ကျွန်းသစ် ၉ ဒသမ ၆၂၃၈ တန် (ခန့်မှန်းတန်ဖိုးငွေ ၅၀၃၃၀၂၈ ကျပ်) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၇၀၆၂၆၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**



ကရင်ပြည်နယ် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။


# မဟာအောင်မြေမြို့နယ်၊ တောင်ကြီးမြို့နှင့် မိုင်းပန်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၂၇

မဟာအောင်မြေမြို့နယ်၊ တောင်ကြီးမြို့နှင့် မိုင်းပန်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၅ ရက် ညနေ ၄ နာရီခွဲတွင် မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂) ရပ်ကွက် (၆၀ x ၆၁) လမ်းကြား (၄၂) လမ်းပေါ်တွင် ယော်ကျိန်ဖန်း မောင်းနှင်လာသည့်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၃ ဒသမ ၃ ကီလိုကို လည်းကောင်း၊ အလားတူ ယင်းနေ့ ည ၁၀ နာရီ ၁၅ မိနစ်တွင် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ ချမ်းသာရပ်ကွက်ရှိ ညွန့်မောင်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၃၀ ကိုလည်းကောင်း၊ ထို့အတူ အောက်တိုဘာ ၂၆ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မိုင်းပန်မြို့နယ် တာဆန်းကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ရန်ဖူချီ မောင်းနှင်လာသည့်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါးများရောစပ်ထားသောအမှုန့်(Happy Water) ၂ ဒသမ ၀၇၁ ကီလို၊ ၁၂ ဗို့ပြောင်းချောကျည် အတောင့် ၉၀၀ နှင့် THAIARMS 9mm တံဆိပ်ပါကျည်အတောင့် ၁၉၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



ယော်ကျိန်ဖန်းအား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# စီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းများ ဖွင့်လှစ်

**မြစ်ကြီးနား အောက်တိုဘာ ၂၇**

ကချင်ပြည်နယ်အတွင်းရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်မည့် သမဝါယမအသင်းများအား ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်း၊ အသင်းစီမံခန့်ခွဲမှုနှင့် ငွေစာရင်း ထိန်းသိမ်းနည်းသင်တန်းကို ပထမအကြိမ်အဖြစ် မြို့နယ် ၁၃ မြို့နယ်မှ ကျေးရွာ ၃၅ ရွာအတွင်းရှိ သမဝါယမအသင်း အမှုဆောင်ဒါရိုက်တာများအား ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# KNU/KNLA တပ်မဟာ(၆) လက်အောက်ခံတပ်ရင်းများ၊ KKO(ခွဲထွက်)အဖွဲ့နှင့် NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ကော့ကရိတ်မြို့အတွင်းသို့ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်၊ လူနေအိမ် နှစ်လုံး၊ ဘာသာရေး အဆောက်အအုံတစ်ခုတို့ ထိခိုက်ပျက်စီးခဲ့ပြီး အပြစ်မဲ့ဒေသခံ ၉ နှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် ပြည်သူ နှစ်ဦး သေဆုံး၊ သုံးဦး ထိခိုက်ဒဏ်ရာရ

**နေပြည်တော် အောက်တိုဘာ ၂၇**

KNU/KNLA တပ်မဟာ(၆) လက်အောက်ခံ တပ်ရင်းများ၊ KKO(ခွဲထွက်)အဖွဲ့နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ အနေဖြင့် ကရင်ပြည်နယ် ကော့ကရိတ် မြို့နယ်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ဒေသခံများ ကြောက်ရွံ့ထိတ်လန့်စေရန် ရည်ရွယ်၍ ယခုလ ၂၁ ရက်တွင် မြို့အတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ လူနေရပ်ကွက်များ၊ ဝန်ထမ်းအိမ်ရာများနှင့် ရုံးဌာန အဆောက်အအုံများအတွင်း ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းများ လုပ်ဆောင်လာခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူလူထုနှင့် ပူးပေါင်း၍ တုံ့ပြန်တိုက်ခိုက်ခဲ့ပြီး မြို့အတွင်း လုံခြုံရေးတိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် ယနေ့ မွန်းလွဲပိုင်းတွင်လည်း KNU/KNLA တပ်မဟာ(၆) လက်အောက်ခံ တပ်ရင်းများ၊ KKO(ခွဲထွက်)အဖွဲ့နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ အနေဖြင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့အတွင်းသို့ မြို့၏ အရှေ့မြောက်ဘက် မီတာ ၁၅၀၀ ခန့်အကွာမှ လက်နက်ကြီးများဖြင့် လာရောက် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ထိုကဲ့သို့ အကြမ်းဖက်သမားများ၏ ရည်ရွယ်ချက်ရှိရှိဖြင့် လူနေရပ်ကွက်များအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့မှုကြောင့် အမှတ်(၇) ရပ်ကွက်အတွင်းသို့ ဗုံးသီးများ ကျရောက်ပေါက်ကွဲခဲ့ပြီး လူနေအိမ် နှစ်လုံး၊ ဘာသာရေး

KNU/KNLA တပ်မဟာ(၆) လက်အောက်ခံတပ်ရင်းများ၊ KKO(ခွဲထွက်)အဖွဲ့နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများပစ်ခတ်မှုကြောင့် ကော့ကရိတ်မြို့ အမှတ်(၇)ရပ်ကွက်အတွင်းသို့ လက်နက်ကြီးဗုံးသီးများ ကျရောက်ပေါက်ကွဲမှုဖြစ်စဉ်ပြပုံ




အဆောက်အအုံ တစ်ခုတို့ ထိခိုက်ပျက်စီးခဲ့ကာ အသက် ၉ နှစ်အရွယ် ကလေးငယ်တစ်ဦး အပါအဝင် ဒေသခံပြည်သူ နှစ်ဦး သေဆုံးခဲ့ပြီး သုံးဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

ထိခိုက်ဒဏ်ရာရရှိသူများအား ကော့ကရိတ်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင် ဆေးကုသမှုခံယူစေလျက်ရှိပြီး ဗုံးသီးများ ကျရောက်ရာ ရပ်ကွက်အတွင်း ပေါက်ကွဲမှု မရှိသေးသည့် ဗုံးသီးများ ကျန်ရှိမှု မရှိစေရေးနှင့် မလိုလားအပ်သော ပေါက်ကွဲမှုများကြောင့် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှု မရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ယခုကဲ့သို့စစ်ရေးနှင့်မသက်ဆိုင်သော လူနေရပ်ကွက်များအတွင်းသို့ ရည်ရွယ်ချက်ရှိစွာဖြင့် အကြမ်းဖက်တိုက်ခိုက်ခြင်းသည် ဂျီနီဗာ ကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် တုံ့ပြန်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

KNU/KNLA တပ်မဟာ(၆) လက်အောက်ခံတပ်ရင်းများ၊ KKO(ခွဲထွက်)အဖွဲ့နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ ပစ်ခတ်မှုကြောင့် ကော့ကရိတ်မြို့ အမှတ်(၇)ရပ်ကွက်ရှိ လူနေအိမ်များ ထိခိုက်ပျက်စီးမှုကို တွေ့မြင်ရစဉ်။



KNU/KNLA တပ်မဟာ(၆) လက်အောက်ခံတပ်ရင်းများ၊ KKO(ခွဲထွက်)အဖွဲ့နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ ပစ်ခတ်မှုကြောင့် ကော့ကရိတ်မြို့ အမှတ်(၇)ရပ်ကွက်ရှိ ၉ နှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးခဲ့ရမှုကို တွေ့မြင်ရစဉ်။



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကံ့ကော်ရပ်ကွက်နေသူများဖြစ်သည့် မိုးမိုးရီနှင့် နုနုရီတို့ နှစ်ဦးသည် ၎င်းတို့အသုံးပြုသည့် “Moe Yi” Facebook အကောင့်နှင့် “Nu Nu”Facebook အကောင့်၊ ဖက္ကလိပ်ကျေးရွာနေ ကျော်ဇင်လတ်သည် ၎င်းအသုံးပြုသည့် “Kyaw Zin Latt” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မအူပင်တက္ကသိုလ်တွင် နည်းပြ၊ သရုပ်ပြအသစ်များအား အရည်အသွေးမြှင့်သင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မအူပင် အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်တက္ကသိုလ်တွင် နည်းပြ၊ သရုပ်ပြအသစ်များအား အရည်အသွေးမြှင့် သင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီက မအူပင်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မအူပင်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနီနီဦးက အဖွင့်အမှာစကားပြောကြားရာ အနာဂတ်အတွက် ပညာသင်ကြားလျက်ရှိသော မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများအား ပညာရည်ပြည့်ဝပြီး နိုင်ငံ့တာဝန်များအား အဆင့်မြင့်မြင့် တာဝန်ယူဆောင်ရွက်နိုင်ရန်အတွက် သင်ကြားပေးမည့် ဆရာ ဆရာမများက အလွန်ပင် အရေးပါကြောင်းနှင့် သက်ဆိုင်ရာဘာသာရပ်အလိုက် စနစ်တကျ သင်ကြားပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ဝိဇ္ဇာဘာသာရပ်များကိုယ်စား သမိုင်းဌာနပါမောက္ခ/ဌာနမှူး ဒေါက်တာဌေးမြင့်၊ သိပ္ပံဘာသာရပ်များကိုယ်စား ဘူမိဗေဒဌာနပါမောက္ခ/ဌာနမှူး ဒေါက်တာကြည်ကြည်မော်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားပြီး နည်းပြ၊ သရုပ်ပြအသစ် ဆရာ ဆရာမများက ဘာသာရပ်အလိုက် မိတ်ဆက်ကြသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၁၀-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၇၀ | ၂၀၂၀ | ၂၀၁၀ | ၁၉၈၀ | ၂၀၁၅ | ၂၀၄၀ | ၂၀၂၅ | ၂၀၀၅ | ၂၀၉၅ | ၂၁၁၀ | ၂၀၁၀ | ၂၀၂၀ | ၂၀၅၅ | ၂၀၅၅ | ၂၀၅၅ | ၂၂၇၅ | ၂၇၇၀ |
| 95 Ron | ၂၀၆၀ | ၂၁၁၀ | ၂၁၀၅ | ၂၀၇၀ | ၂၁၀၅ | ၂၁၃၀ | ၂၁၁၅ | ၂၀၉၀ | ၂၁၈၅ | ၂၂၀၀ | ၂၁၀၀ | ၂၁၁၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၅ | ၂၃၆၅ | ၂၈၅၀ |
| HSD (500 ppm) | ၂၆၅၅ | ၂၇၁၀ | ၂၇၀၅ | ၂၆၇၀ | ၂၇၁၀ | ၂၇၃၀ | ၂၇၃၀ | ၂၆၉၅ | ၂၈၁၀ | ၂၈၀၅ | ၂၇၀၅ | ၂၇၁၀ | ၂၇၄၅ | ၂၇၄၅ | ၂၇၅၀ | ၂၉၇၀ | ၃၄၉၅ |
| HSD (50 ppm) | ၂၇၄၀ | ၂၇၈၅ | ၂၇၈၅ | ၂၇၅၀ | ၂၇၈၅ | ၂၈၁၀ | ၂၈၀၅ | ၂၇၇၀ | ၂၈၈၅ | ၂၈၈၀ | ၂၇၈၀ | ၂၇၉၀ | ၂၈၂၀ | ၂၈၂၀ | ၂၈၂၅ | ၃၀၄၅ | ၃၅၂၀ |
| HSD (10 ppm) | ၂၇၄၀ | ၂၇၈၅ | ၂၇၈၅ | ၂၇၅၀ | ၂၇၈၅ | ၂၈၁၀ | ၂၈၀၅ | ၂၇၇၀ | ၂၈၈၅ | ၂၈၈၀ | ၂၇၈၀ | ၂၇၉၀ | ၂၈၂၀ | ၂၈၂၀ | ၂၈၂၅ | ၃၀၄၅ | ၃၅၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၇၄ | ၁၉၄၅ |
| 95 Ron | ၁၉၆၀ | ၂၀၃၃ |
| HSD (500 ppm) | ၂၅၄၉ | ၂၆၃၀ |
| HSD (50 ppm) | ၂၆၂၀ | ၂၇၀၂ |
| HSD (10 ppm) | ၂၆၂၀ | ၂၇၀၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ရွှေကျင်မြို့၌ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရွှေကျင် အောက်တိုဘာ ၂၇

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အထက(ရွှေကျင်) ပညာရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှမင်းသူက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးညွှန့်ဝေက အလုပ်ရုံဆွေးနွေးပွဲနှင့် သက်ဆိုင်သောအကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲသို့ ရွှေကျင်မြို့နယ်အတွင်းမှ သင်တန်းသားသင်တန်းသူ ကျောင်းအုပ်ဆရာကြီး ဆရာမကြီး စုစုပေါင်း ၁၀၈ ဦး တက်ရောက်ကြပြီး အောက်တိုဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ အလုပ်ရုံဆွေးနွေးပွဲကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေးအလုပ်ရုံဆွေးနွေးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ တက်ရောက်ကြကြောင်း သိရသည်။



ထွန်းထွန်းဇော်(ပြန်/ဆက်)

## မြောက်ဦးမြို့၌ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု(ဆင့်ပွား)သင်တန်း ဖွင့်လှစ်

မြောက်ဦး အောက်တိုဘာ ၂၇

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ အောက်တိုဘာ ၂၆ ရက်က မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု(ဆင့်ပွား)သင်တန်းကို Zoom Meeting ဖြင့် သင်တန်းဖွင့်လှစ်ပို့ချသည်။

ရှေးဦးစွာ မြောက်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ရွှေက မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု (ဆင့်ပွား)သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ သတင်းတု၊ သတင်းမှားများကို ခွဲခြားစေနိုင်ရေး၊ မီဒီယာနှင့် သတင်းအချက်အလက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို မြောက်ဦးခရိုင်အတွင်း ခရိုင်ရုံးနှင့် မြို့နယ်ရုံးများမှ သင်တန်းသား ၁၂ ဦး တက်ရောက်ခဲ့ပြီး မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု ဘာသာရပ်ကို အောက်တိုဘာ ၂၆ ရက်မှ ၂၇ ရက်အထိ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

စိုးငြိမ်းနိုင်(ပြန်/ဆက်)

■

## သထုံခရိုင် ပြည်သူ့စာကြည့်တိုက်၌ အခြေခံသတင်းရေးသားပေးပို့ခြင်း(ဆင့်ပွား)သင်တန်း ဖွင့်လှစ်

သထုံ အောက်တိုဘာ ၂၇

မွန်ပြည်နယ် သထုံခရိုင်ပြည်သူ့စာကြည့်တိုက်ရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက အခြေခံသတင်းရေးသားပေးပို့ခြင်း(ဆင့်ပွား)သင်တန်းကို သထုံခရိုင်အတွင်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများအား အွန်လိုင်းမှတစ်ဆင့် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

### ဆွေးနွေးပို့ချ

သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သထုံခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှငွေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အများပြည်သူအကျိုးရှိသည့် သတင်းများအတွက် လိုအပ်သည့်အချက်များ၊ သတင်းမီဒီယာဥပဒေနှင့်ပတ်သက်၍ လိုက်နာရမည့်အချက်များ၊ သတင်းများကို အချိန်နှင့်တစ်ပြေးညီ မှန်ကန်၊ မြန်ဆန်၊ တိကျစွာဖြင့် ပေးပို့နိုင်ရေးတို့ကို ဆွေးနွေးပို့ချသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)၌ ဖွင့်လှစ်ခဲ့သည့် သင်တန်းများတွင် တက်ရောက်သင်ကြားပြီးခဲ့သည့် ဝန်ထမ်းများက သတင်း၏အခြေခံဖွဲ့စည်းတည်ဆောက်ပုံ၊ သတင်းကောင်းတစ်ပုဒ်အတွက် လိုအပ်သည့်အချက်များ၊ သတင်းရှုထောင့် ရွေးချယ်ခြင်း၊ သတင်းအဖွင့်ရေးသားခြင်းနှင့် သတင်းတစ်ပုဒ်လုံး၌ ပါဝင်သင့်သည့် ဘ(၆)လုံး စံသတ်မှတ်ချက်များ၊ ပိရမစ်ဇောက်ထိုး သတင်းရေးသားနည်း၊ သတင်းရင်းမြစ်များ ရှာဖွေချဉ်းကပ်ခြင်းနှင့် အင်တာဗျူးခြင်း၊ သတင်းရေးသားရာ၌ သတိပြုရမည့်အချက်များနှင့် သတင်းဓာတ်ပုံကောင်းတစ်ပုံအတွက် လိုအပ်ချက်များ၊ စိစစ်ပြီးသည့် သတင်းအား သတင်းဌာနသို့ စနစ်တကျပေးပို့ခြင်း စသည်တို့ကို ပြန်လည်ဆင့်ပွားကာ သင်ကြားပေးခဲ့ကြသည်။

အဆိုပါ သင်တန်းသို့ သထုံခရိုင်အတွင်းရှိ ကျိုက်ထို၊ ဘီးလင်း၊ သထုံနှင့် ပေါင်မြို့နယ်တို့မှ ဝန်ထမ်း စုစုပေါင်း ၁၄ ဦး တက်ရောက်ခဲ့ကြပြီး နှစ်ရက်ကြာဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၂၇

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးထစ်ချုန်းရွာနိုင်သည်။ မိုး/ဇလ



# ကမ္ဘာ့ရုပ်သံ အမွေအနှစ်များဆိုင်ရာ ဒေသတွင်း ဆွေးနွေးပွဲကျင်းပရာ MRTV မှ ဝန်ထမ်းများ အွန်လိုင်းဖြင့် တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၇**

ကမ္ဘာ့ရုပ်သံ အမွေအနှစ်များဆိုင်ရာ ဒေသတွင်းဆွေးနွေးပွဲ (World Audio Visual Heritage)ကို ယနေ့မွန်းလွဲပိုင်းက ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(နေပြည်တော် တပ်ကုန်း)မှ ဝန်ထမ်းများ အွန်လိုင်းဖြင့် တက်ရောက်ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲကို ကမ္ဘာ့ရုပ်သံ အမွေအနှစ်များဆိုင်ရာ ဒေသတွင်းဆွေးနွေးပွဲအဖြစ်(AIBD)မှ အွန်လိုင်းဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး ဆွေးနွေးပွဲတွင် အားလုံးပါဝင်သည့် သာတူညီမျှငြိမ်းချမ်းသည့် လူ့အဖွဲ့အစည်း တည်ဆောက်မှုကို မြှင့်တင်နိုင်ရန်အတွက် ရုပ်သံမှတ်တမ်း အမွေအနှစ်များအား စာရင်းပြုစုခြင်းခေါင်းစဉ်ဖြင့် အဓိကဆွေးနွေးကြပြီး ရုပ်သံအစီအစဉ်ထုတ်လုပ်သူများ အဆင်ပြေချောမွေ့စေရန် မှတ်တမ်းများအသုံးပြုရန်အပြင် ဓာတ်လမ်းများကို အရည်အသွေးမြှင့်တင်ရန်၊ နောက်မျိုးဆက်သစ်များအတွက် ဓာတ်လမ်း၊ အစီအစဉ်များထိန်းသိမ်းရန် နည်းလမ်းများနှင့် အရုပ်၊ အသံမှတ်တမ်းများ ထိန်းသိမ်းခြင်း၏ အရေးပါမှုကို နားလည်စေရန် စသည်ဖြင့် ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရှိ ဌာနခွဲအသီးသီးမှ အစီအစဉ်ထုတ်လုပ်ရေးမှူးများ၊ သတင်းပိုင်းဆိုင်ရာ ဆောင်ရွက်နေသူများ၊ မှတ်တမ်းထိန်းသိမ်းရေး ဆောင်ရွက်နေသူများနှင့် စက်မှုပညာရှင်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ယခုနှစ်ကော်ဖီရာသီတွင် ပြည်ပနိုင်ငံများသို့ တန်ချိန် ၁၀၀၀၀ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်လျက်ရှိ

**မန္တလေး အောက်တိုဘာ ၂၇**

ယခုနှစ် ကော်ဖီရာသီတွင် မြန်မာထွက်ကုန် ကော်ဖီများကို ပြည်ပနိုင်ငံများသို့ တန်ချိန် ၁၀၀၀၀ တင်ပို့ရောင်းချသွားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ကော်ဖီအသင်း (မန္တလေးတိုင်းဒေသကြီး)နာယက ဦးရဲမြင့်က ပြောသည်။



**တင်ပို့လျက်ရှိ**

မြန်မာနိုင်ငံအတွင်း ကော်ဖီစိုက်ဒေသများအလိုက် အရည်အသွေးမြင့်အထူးတန်းဝင် ကော်ဖီကို အများဆုံး စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ထွက်ရှိလာသည့် ကော်ဖီများကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း၊ အဆိုပါ ကော်ဖီများသည် ယခုလမှ စတင်ထွက်ပေါ်နေပြီဖြစ်ပြီး နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများတွင် လှိုင်လှိုင်ပေါ်လေ့ရှိကြောင်း၊ ယင်းကော်ဖီများကို မတ်လ၊ ဧပြီလ၊ မေလတို့မှ စတင်ပြီး Export အနေဖြင့် အမေရိကန်၊ နယ်သာလန်၊ ဩစတေးလျ၊ ဂျပန်၊ ကိုရီးယား၊ ပြင်သစ်၊ ဂျာမနီ၊ ဘယ်လ်ဂျီယံ၊ ဆွတ်ဇာလန်၊ ထိုင်းနှင့် တရုတ်နိုင်ငံတို့သို့ ကော်ဖီတန်ချိန် ၁၀၀၀၀ တင်ပို့ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကော်ဖီဈေးကွက်ကောင်းမယ်လို့ မျှော်လင့်ပါတယ်။ ဒီနှစ်မှာတော့ ရာသီဥတုဖောက်ပြန်ပြီး ကော်ဖီခြံတိုင်းဖျက်ပိုးတွေ ကျရောက်တဲ့အတွက် အထွက်နှုန်းကတော့နည်းပါတယ်။ မြန်မာနိုင်ငံမှာ ကော်ဖီထွက်ရှိတာက တန်ချိန် ၁၀၀၀၀ လောက်ထွက်တာဆိုတော့ ပြည်ပကို ထွက်သလောက်တန်ချိန်တင်ပို့ဖို့ ခန့်မှန်းထားပါတယ်။ ကော်ဖီက ပြည်တွင်းဖြုန်းအားအနေနဲ့လည်း တိုးတက်လာပါတယ်။ ကော်ဖီကောင်း သောက်တဲ့သူတွေ ပေါ်လာပါပြီ။ ပြည်တွင်းထွက်ကုန်ဖြစ်တဲ့အတွက် သွင်းကုန်နဲ့စာရင် ဈေးနှုန်း ယှဉ်ပြိုင်နိုင်ပါတယ်။ ကော်ဖီစိုက်ဧရိယာတွေလည်း များလာပါပြီ"ဟု ၎င်းကရှင်းပြသည်။

**ရောင်းချခဲ့ရ**

ယခင်နှစ် ကော်ဖီရာသီချိန်တွင် Export အနေဖြင့် ပြည်ပနိုင်ငံများသို့ ကော်ဖီတန်ချိန် ၅၀၀၀ တင်ပို့နိုင်ခဲ့ကြောင်း၊ ထွက်သလောက် ကော်ဖီများလည်း လက်ကျန်မရှိသလောက် ရောင်းချခဲ့ရကြောင်း၊ ဈေးနှုန်းများအနေဖြင့် ကော်ဖီတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၀၀ မှ ၈၃၀၀ အထိ ဈေးနှုန်းများ ရရှိခဲ့ကြောင်း၊ ယခုနှစ် ကော်ဖီရာသီတွင်လည်း တန်ချိန် ၁၀၀၀၀ တင်ပို့နိုင်ရန် ခန့်မှန်းထားကြောင်း သိရသည်။

**မောင်အေးချမ်း**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၉-၁၀-၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၄)၊ အမှတ် (၄၄)တွင် မျောက်တို့၏သဘာဝအရ တောထဲတွင် ပြေးလွှားဆော့ကစားသည်ဆိုသော်လည်း အခြားသတ္တဝါများအတွက် အနှောင့်အယှက်ဖြစ်ရပုံကို အတုယူရှောင်ရှားနိုင်ရန် တင်ဆက်ထားသည့် "ပြေးနေရတဲ့မျောက်ဖိုးစိန်" မျက်နှာဖုံးကာတွန်း၊ ကန်စွန်းဥ၏ လူသားတို့အပေါ် အကျိုးပြုပုံအကြောင်းကို ဗဟုသုတရဖွယ် တင်ဆက်ထားသည့် "ကန်စွန်းဥမှရရှိနိုင်သည့် အာဟာရနှင့် ဆေးဖက်ဝင် အကျိုးကျေးဇူးများ"သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ပေးပို့သော ကာတွန်းလက်ရာများကို ထည့်သွင်းဖော်ပြထားသည့် "ရွှေသွေးတို့ လက်ရာ" ကဏ္ဍ၊ ကလေးသဘာဝ ကစားတတ်သော်လည်း သူတို့၏ ကူညီတတ်သောစိတ်ကြောင့် ဦးစော၏ခြံထဲတွင် အန္တရာယ်ကင်းကင်းဖြင့် ကစားခွင့်ရသွားသော နိုးတူးတို့သူငယ်ချင်းများအကြောင်းကို ရေးဖွဲ့ထားသည့် "နိုးတူးနှင့်ဦးစော" နှစ်မျက်နှာကာတွန်း၊ ကလေးများအနေဖြင့် မိမိတို့၏ အသုံးအဆောင်ပစ္စည်းများကို စည်းကမ်းရှိရှိဖြင့် ရိုရိုသေသေသုံးစွဲတတ်စေရန်နှင့် မိမိတို့သုံးစွဲနေသောပစ္စည်းများ ပျောက်ဆုံးသွား၍ အသစ်ဝယ်ယူရပါက မိဘများ၏ ငွေကြေးများဆုံးရှုံးရပုံအကြောင်းကို တင်ဆက်ထားသည့် "ပစ္စည်းတန်ဖိုး"ဝတ္ထုကဏ္ဍ၊ ခင်ခင်ပြုံးနှင့် သူ၏အချစ်တော် ခွေးလေးတို့၏ အပြန်အလှန် နားလည်ပုံကို ရုပ်ပုံကြည့်ခြင်းအားဖြင့် စိတ်ကူးဖြင့်သိနိုင်ရန် ရေးဆွဲထားသည့် "ဂန္ထဝင်ခင်ခင်ပြုံးနှင့် သူ့အချစ်တော်ခွေးလေး" တစ်မျက်နှာကာတွန်း၊ မိမိအပေါ်သူငယ်ချင်းကောင်းပီသသော ကြွက်လေးငနီကို မနာလိုဝန်တိုစိတ်ဖြင့် အကောက်ကြံခဲ့သော လင်းနို့ညိုနက်၏အဖြစ်ကို ဗဟုသုတရဖွယ် တင်ဆက်ထားသည့် "လင်းနို့တွေဘာကြောင့် ညအချိန်မှာ အစာရှာထွက်ရသလဲ" ပုံပြင်ကဏ္ဍ၊ မိဘဆရာသမားများ၏ ဆိုဆုံးမမှုကို လက်ခံနိုင်သော်လည်း မိဘဆရာသမားများ၏စကားကို မလိုက်နာသောသူအဖြစ် သတ်မှတ်ခံရမှာကို ကြောက်ရွံ့သော ဖြိုးရဲအကြောင်းကို ရေးဖွဲ့ထားသည့် "ဖြိုးရဲကြောက်တယ်" နှစ်မျက်နှာကာတွန်း၊ တန်ဆောင်တိုင်ပွဲတော်ကို ပျော်ပျော်ပါးပါးကျင်းပနိုင်ရန် ကျောင်းပိတ်ရက်တွင် မိမိတို့တတ်နိုင်သမျှ လုပ်အားပေးမည့် ဆုရတီအောင်တို့သူငယ်ချင်းများအကြောင်းကို ရေးဖွဲ့ထားသည့် "ဆုရတီအောင်- မြိုင်မြိုင်ဆိုင်ဆိုင်"နှစ်မျက်နှာကာတွန်း၊ ရာသီဥတုနှင့်ပတ်သက်၍ မှတ်သားဖွယ်စကားပြောများနှင့် တင်ဆက်ထားသည့် ဆရာ KML ၏ "English Daily Conversation" ရွှေသွေးစကားဝိုင်းကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာတစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




# မလှိုင်မြို့နယ် ကျေးရွာ ခုနစ်ရွာ၌ ကျေးရွာမီးလင်းရေး ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မလှိုင် အောက်တိုဘာ ၂၇**

မလှိုင်မြို့နယ် ကျေးရွာ ခုနစ်ရွာတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း အစီအစဉ်ဖြင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင်လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ရာ ကျေးရွာမီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ ရက် ညနေ ၃ နာရီတွင် ဖက်ကုန်းကျေးရွာနှင့် မုရိုးကျေးရွာတို့၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထက်နှင့်အဖွဲ့ဝင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

မလှိုင်မြို့နယ်တွင် ကျေးရွာ ၂၄၇ ရွာရှိပြီး မီးလင်းပြီးကျေးရွာ ၂၁၆ ရွာ၊ မီးလင်းရန်ကျန်ကျေးရွာ ၃၁ ရွာရှိရာ မြို့နယ်လုံးကျွတ် ကျေးရွာအားလုံး မီးလင်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးလှမင်းသောင်းထံမှ သိရသည်။

**မြထွန်း(မလှိုင်)**



# စဉ့်ကူးမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်

**စဉ့်ကူး အောက်တိုဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဆွေးနွေးပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက် ၁၁ နာရီက ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စဉ့်ကူးမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်တင်တင်နု၊ စာကြည့်တိုက် လက်ထောက်-၃ ဒေါ်အေးမြမြမိုးနှင့် ရုပ်သံကျွမ်းကျင်-၃ ဒေါ်ငြိမ်းချမ်းဝင်းတို့က ပြည်သူများ၏ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ၊ စာတတ်သူတိုင်း စာဖတ်ရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ၊ ကလေးစာဖတ်ခန်းလုပ်ငန်းများ၊ မြို့နယ်ရုံးစာကြည့်တိုက်လုပ်ငန်းများ၊ ကျေးရွာများသို့ သွားရောက်၍ ကွင်းဆင်းဆောင်ရွက်ရသည့် နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများ စသည့်လုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာနိုင်ငံစာရေးဆရာအသင်း၏ (၃၅)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ

**မြန်မာနိုင်ငံစာရေးဆရာအသင်းက စာဆိုတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အစဉ်အလာမပျက် နှစ်စဉ်ကျင်းပခဲ့သော သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ပထမအပတ်တွင် ကျင်းပရန် စီစဉ်နေကြလေပြီ။**

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

နှစ်စဉ်ကျရောက်လေ့ရှိသော နတ်တော်လဆန်း ၁ ရက်နေ့ကို **"စာဆိုတော်နေ့"** အဖြစ် ၁၃၀၆ ခုနှစ်မှ စတင်သတ်မှတ်၍ စာပွဲသဘင်များ ဆင်ယင်ကျင်းပလာခဲ့ရာ ယခု ၁၃၈၄ ခုနှစ်တွင် (၇၈)ကြိမ်မြောက်ခရီးသို့ ရောက်ခဲ့လေပြီ။

ရှေးမြန်မာမင်းများလက်ထက်ကပင် နတ်တော်လရောက်တိုင်း ထူးချွန်ထက်မြက်ကြသော စာဆိုတော်ကြီးများကို ဘွဲ့ထူးဂုဏ်ထူးများ ပေးအပ်ချီးမြှင့်ခဲ့ကြကာ ဂုဏ်ပြုအမွှမ်းတင်ခဲ့ကြသည်။ တစ်ခဲနက် နှစ်သက်အားပေးမြှောက်စားခဲ့ကြသည်။

**စာပေလောကသားအားလုံးအတွက် မင်္ဂလာအခါတော်နေ့**

ယနေ့ခေတ်ကာလ ပစ္စက္ခအခါသမယမှာလည်း နှစ်စဉ်နတ်တော်လဆန်း ၁ ရက်နေ့ရောက်တိုင်း စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏ အမြင့်ဆုံးစာပေဆုဖြစ်သော **"တစ်သက်တာစာပေဆု"** ပေးအပ်ချီးမြှင့်ပွဲအပြင် **"အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု"** ကိုပါ ပေးအပ်ချီးမြှင့်နေခဲ့ရာ စာပေလောကသား အားလုံးအတွက် မင်္ဂလာအခါတော်နေ့ထူးနေ့မြတ် ဖြစ်နေပါသည်။

စာဆိုတော်နေ့ဝန်းကျင်တွင် ပခုက္ကူဦးအုံးဖေစာပေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု၊ ဆရာဝန်တင်ရွှေစာပေဆု၊ သုတစွယ်စုံစာပေဆု၊ ရွှေအမြုတေစာပေဆုများအပြင် ဓမ္မစာပေဆုများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၏ အထိမ်းအမှတ်စာပေဆုများ၊ ဂျပန်ရှန်တီကလေးစာပေဆုများကိုလည်း ပေးအပ်ချီးမြှင့်ခဲ့ကြပါသည်။

မြန်မာစာပေလောကသားတို့၏ **"စာဆိုတော်နေ့"** သည် သုတရသစာပေရေးရာ အဖြာဖြာရေးသားခဲ့ကြသည့် စာရေးဆရာကြီး၊ စာရေးဆရာမကြီး၊ စာပေပညာရှင်ကြီးများ အမြတ်တနိုးတန်ဖိုးထားဂုဏ်ယူနေကြရသည့် နေ့ထူးနေ့မြတ်ကြီး ဖြစ်ပါသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၏ သမ္မတကြီးများ၊ စစ်ဗိုလ်ချုပ်ကြီးများ၊ သိပ္ပံ၊ ဝိဇ္ဇာပညာရှင်ကြီးများ၊ စွန့်ဦးတီထွင်စွမ်းအားရှင်ကြီးများဖြစ်နိုင်ကြသော်လည်း စာရေးဆရာစစ်စစ်၊ သတင်းစာဆရာစစ်စစ်၊ အယ်ဒီတာချုပ်နှင့် အယ်ဒီတာစစ်စစ်ဖြစ်နိုင်ခြေကား အလွန်ပင်ရှားပါးခက်ခဲလှပေရာ စာရေးဆရာကြီးငယ်အပါအဝင် စာပေလောကသားအားလုံးကို အလေးအမြတ် အသိအမှတ်ထား ဂုဏ်ပြုအမွှမ်းတင်ရာမော်ကွန်းတင်ရာ **"စာဆိုတော်နေ့"** ကိုကား စာပေပညာရှင်စစ်စစ်စာပေလောကသားတိုင်းက ချစ်ခင်နှစ်သက်၊ စွဲမက်အားထား လေးစားဂုဏ်ပြုနေကြပါသည်။

ဤသည်ကို မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးက မမေ့မလျော့သောအသိ၊ သတိဖြင့် စာပေတာဝန်များကို ကျေပွန်စွာ ထမ်းရွက်ခဲ့ကြသော **"နှလုံးရည်တပ်သားသူရဲကောင်း သက်ကြီးစာပေပညာရှင်ကြီးများ"**ကို နှစ်စဉ်ပူဇော်ကန်တော့နေခဲ့ရာ ယခုနှစ်သည် (၃၅)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲ ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်တွင် (၃၄)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲကျင်းပခဲ့ပြီး ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် မလွှဲရှောင်သာဘဲ နှစ်နှစ်ရပ်နားနေခဲ့ရပါသည်။

ပထမအကြိမ် စတင်ပူဇော်ကန်တော့ခဲ့သည့် အဖွဲ့က **"မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ကြီး"** ဖြစ်ပါသည်။ မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ကြီး၏ ဦးဆောင်သူ၊ ရှေးဦးပြုစုပျိုးထောင်သူမှာ **"ဆရာကြီးမင်းသုဝဏ်"** ဖြစ်ပါသည်။ ဆရာကြီးဦးဝန် (မင်းသုဝဏ်) ဥက္ကဋ္ဌ၊ ဦးထင်ကြီး (တက္ကသိုလ် ထင်ကြီး) အတွင်းရေးမှူးအဖြစ်ပါဝင်သော **"စာပေလုပ်သားအဖွဲ့ဖြစ်မြောက်ရေးကော်မတီ"** သည် ၁-၁၂-၁၉၆၆ ရက်နေ့မှ ၃၁-၅-၁၉၇၆ ရက်နေ့အထိ ၁၀ နှစ်ကျော်လှုပ်ရှားကြိုးစားခဲ့ကြပါသည်။ ထို့နောက် **"စာပေလုပ်သားအဖွဲ့စည်းရုံးရေးကော်မတီ"**ကို ၁-၆-၁၉၇၆ ရက်နေ့တွင် ပြောင်းလဲဖွဲ့စည်းပေးခဲ့ပြီး ၁၉၈၀ ပြည့်နှစ်တွင် **"မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့"** ကို ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ၁၉၈၈ ခုနှစ် အရေးအခင်းကာလနောက်ပိုင်းတွင် **"စာပေလုပ်သားအဖွဲ့"** အစား **"စာပေနှင့် စာနယ်ဇင်းအဖွဲ့"** ဟူ၍ ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

ခေတ်စနစ်နှင့်အညီ ၂၀၁၂ ခုနှစ်တွင် **"မြန်မာနိုင်ငံစာရေးဆရာအသင်း"** အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။

ပြောင်းလဲဖွဲ့စည်းခဲ့ကြရာတွင် စာပေလုပ်သားအဖွဲ့၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ဘဏ္ဍာရေးစည်းမျဉ်းများကိုအခြေခံကာ ခေတ်စနစ်နှင့်အညီ ပြင်ဆင်ဖြည့်ဆည်းခဲ့ကြပြီးမှ အမည်နာမပြောင်းလဲသတ်မှတ်ခဲ့ကြခြင်း ဖြစ်ပါသည်။ တကယ်တော့ မြန်မာနိုင်ငံစာရေးဆရာအသင်း၏ အစမြစ်ဖျားခံရာသည် **"မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ကြီး"** ဖြစ်ပါသည်။ တစ်နည်းအားဖြင့် **"ဆရာကြီးမင်းသုဝဏ် ပျိုးထောင်ပေးခဲ့သော စာပေလုပ်သားအဖွဲ့ကြီး၏ မျိုးဆက်သစ် မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး"**၏ သက်တမ်းမှာ (၅၆)နှစ် ခန့် သက်တမ်းရှည်ကြာခဲ့လေပြီ။

ဤနေရာတွင် **"မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သက်တမ်း"** ကိုခွဲခြမ်းစိတ်ဖြာဆန်းစစ်ကြည့်ပါက လွတ်လပ်ရေးမရသေးမီ နယ်ချဲ့လက်အောက် ၁၉၄၀ ပြည့်နှစ်ကတည်းက ဒီးဒုတ်ဦးဘချို ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သော **"မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး"** (ပထမပိုင်း) ၁၉၄၀ မှ ၁၉၆၂ ခုနှစ်အထိ ၂၂ နှစ်၊ (ဒုတိယပိုင်း) ၁၉၆၆ မှ ၂၀၂၂ ခုနှစ်အထိ ၅၆ နှစ် စုစုပေါင်း ၇၈ နှစ် သက်တမ်း၊ စိန်ရတုခရီးကို ကျော်လွန်လာခဲ့သည်အထိ ရှင်သန်ရပ်တည်ရှည်ကြာလာခဲ့လေပြီ။ သမိုင်းအစဉ်အလာသည်လည်း ကောင်းသည်ထက်ကောင်းမွန်လာခဲ့လေပြီ။

**အစဉ်အလာကောင်းများ ဆက်လက်ထိန်းကျောင်း**

မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့ကြီး၏ အစဉ်အလာကောင်းများကို မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးက ဆက်လက်ထိန်းကျောင်းသည့်အနေဖြင့် **"အသက် ၈၀ နှင့် ၈၀ နှစ်အထက် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲ"** ကို နှစ်စဉ်မပျက် ဆက်လက်ကျင်းပနေခဲ့ပါသည်။ မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ကြီးက ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သက်ကြီးစာပေ ပညာရှင်ကြီးများကိုသာ တနိုင်တမပူဇော်ကန်တော့ခဲ့ရာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

| အကြိမ် | မြန်မာသက္ကရာဇ် | ကမ္ဘာသုံးနှစ် | ကန်တော့ခံသက်ကြီးစာပေပညာရှင်ဦးရေ |
|---|---|---|---|
| ၁ | ၁၃၄၂ | ၁၉၈၀ | ၁၀ ဦး |
| ၂ | ၁၃၄၃ | ၁၉၈၁ | ၁၀ ဦး |
| ၃ | ၁၃၄၄ | ၁၉၈၂ | ၉ ဦး |
| ၄ | ၁၃၄၅ | ၁၉၈၃ | ၉ ဦး |
| ၅ | ၁၃၄၆ | ၁၉၈၄ | ၂၁ ဦး |
| ၆ | ၁၃၄၇ | ၁၉၈၅ | ၂၅ ဦး |
| ၇ | ၁၃၄၈ | ၁၉၈၆ | ၂၇ ဦး |
| ၈ | ၁၃၄၉ | ၁၉၈၇ | ၂၅ ဦး |

ထိုသို့ပူဇော်ကန်တော့နေခဲ့ရာမှ ၁၉၈၈ ခုနှစ် အရေးအခင်းကြောင့် ရပ်တန့်သွားခဲ့ရပါသည်။ မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့ကြီးကိုလည်း ခေတ်စနစ်နှင့်လျော်ညီစွာ **"မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီး"** အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခဲ့ရပါသည်။ ထို့ကြောင့် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ခြောက်နှစ်တိတိ မကျင်းပနိုင်ခဲ့တော့ဘဲ စာပေလုပ်သားများကို စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များအဖြစ်သို့ ပြန်လည်စုစည်းရေးကိုသာ အလေးထားဆောင်ရွက်ခဲ့ကြရပါသည်။

စာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးအဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခါစ ၁၉၉၄ ခုနှစ်နှင့် ၁၉၉၅ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ သက်ကြီးစာပေပညာရှင်ကြီးများကိုသာ ပူဇော်ကန်တော့နိုင်ခဲ့ပါသည်။

၁၉၉၆ ခုနှစ်မှစ၍ တစ်နိုင်ငံလုံးရှိ အဖွဲ့ဝင် သက်ကြီးစာပေပညာရှင်ကြီးများနှင့် ထင်ရှားကျော်ကြားသော သက်ကြီးစာပေပညာရှင်ကြီးများကို ပူဇော်ကန်တော့ခဲ့ရာ ယနေ့အထိ နှစ်စဉ်မပျက် ဆက်တိုက်ဦးခိုက်လျက်ပင်ရှိပါသည်။

**ပူဇော်ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများ**

သက်ကြီးပူဇော်ပွဲစတင်ခါစက ၁၀ ဦးသာ ရှိခဲ့သော်လည်း တစ်နှစ်ထက်တစ်နှစ် တိုးပွားများပြားလာခဲ့ရာ ၁၉၉၉ ခုနှစ်တွင် ၁၀၈ ဦးအထိ ရှိလာခဲ့ပါသည်။ နှစ်စဉ် ၂၀ ကျော် တိုးပွားလာခဲ့ရာမှ ၂၀၁၁ ခုနှစ်တွင် ၃၀ ကျော်အထိ တိုးပွားလာခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် ပူဇော်ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများ ၂၀၀ အထိ ရှိလာပါသည်။ ပူဇော်ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများထဲမှ နှစ်စဉ် ၂၀ ခန့် ကွယ်လွန်သွားကြသော်လည်း အသက် ၈၀ ထဲ ဝင်ရောက်လာကြသူများက ၂၀ ကျော်ရှိနေခဲ့ရာ တစ်နှစ်ထက်တစ်နှစ် အရေအတွက်များလာမှာ သေချာနေပါသည်။ ၂၀၁၆ ခုနှစ်က ၁၈ ဦး ကွယ်လွန်သွားခဲ့ကြပြီး ၃၄ ဦး တိုးလာခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် ၁၃ ဦး ကွယ်လွန်သွားခဲ့ပြီး ၂၇ ဦး တိုးလာခဲ့ပါသည်။ ၂၀၁၈ခုနှစ်တွင် ၂၄ ဦး ကွယ်လွန်ခဲ့ကြပြီး ၅၃ ဦး တိုးလာခဲ့ရာ သက်ကြီးကန်တော့ခံ ၂၄၅ ဦးအထိ ရှိလာခဲ့ပါသည်။

၂၀၁၉ ခုနှစ်တွင် ၁၃ ဦးကွယ်လွန်သွားခဲ့ကြပြီး ၄၆ ဦး တိုးလာခဲ့ရာ ကန်တော့ခံစာပေပညာရှင်ကြီး ၂၇၆ ဦးအထိ ရှိလာခဲ့ပါသည်။ သို့သော် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ် နှစ်နှစ်နှင့် ၂၀၂၂ ခုနှစ်အတွင်းတွင် ကန်တော့ခံစာပေပညာရှင်ကြီး ၉၄ ဦး ကွယ်လွန်သွားခဲ့ကြပါသည်။ ယခု၂၀၂၂ ခုနှစ်တွင် ကန်တော့ခံသက်ကြီးစာပေပညာရှင် ၂၅၀ ခန့် ရှိနေပါသည်။

စာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်းတို့ နှစ်စဉ်မပျက်၊ သက်ကြီးပူဇော်ပွဲကျင်းပခဲ့ကြသည်မှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

| အကြိမ် | မြန်မာသက္ကရာဇ် | ကမ္ဘာသုံးနှစ် | ကန်တော့ခံသက်ကြီးပညာရှင်ဦးရေ |
|---|---|---|---|
| ၁ | ၁၃၅၆ | ၁၉၉၄ | ၃၆ - ရန်ကုန်တိုင်း |
| ၂ | ၁၃၅၇ | ၁၉၉၅ | ၄၂ - ရန်ကုန်တိုင်း |
| ၃ | ၁၃၅၈ | ၁၉၉၆ | ၆၆ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၄ | ၁၃၅၉ | ၁၉၉၇ | ၈၂ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၅ | ၁၃၆၀ | ၁၉၉၈ | ၉၅ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၆ | ၁၃၆၁ | ၁၉၉၉ | ၁၀၈ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၇ | ၁၃၆၂ | ၂၀၀၀ | ၁၁၈ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၈ | ၁၃၆၃ | ၂၀၀၁ | ၁၂၇ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၉ | ၁၃၆၄ | ၂၀၀၂ | ၁၂၂ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၁၀ | ၁၃၆၅ | ၂၀၀၃ | ၁၁၉ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၁၁ | ၁၃၆၆ | ၂၀၀၄ | ၁၁၁ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၁၂ | ၁၃၆၇ | ၂၀၀၅ | ၁၀၇ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၁၃ | ၁၃၆၈ | ၂၀၀၆ | ၁၁၁ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၁၄ | ၁၃၆၉ | ၂၀၀၇ | ၁၂၀ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၁၅ | ၁၃၇၀ | ၂၀၀၈ | ၁၃၁ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၁၆ | ၁၃၇၁ | ၂၀၀၉ | ၁၃၁ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၁၇ | ၁၃၇၂ | ၂၀၁၀ | ၁၃၅ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၁၈ | ၁၃၇၃ | ၂၀၁၁ | ၁၆၂ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၁၉ | ၁၃၇၄ | ၂၀၁၂ | ၁၆၉ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၂၀ | ၁၃၇၅ | ၂၀၁၃ | ၁၇၁ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၂၁ | ၁၃၇၆ | ၂၀၁၄ | ၁၈၀ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၂၂ | ၁၃၇၇ | ၂၀၁၅ | ၁၈၆ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၂၃ | ၁၃၇၈ | ၂၀၁၆ | ၂၀၀ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၂၄ | ၁၃၇၉ | ၂၀၁၇ | ၂၁၆ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၂၅ | ၁၃၈၀ | ၂၀၁၈ | ၂၄၅ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၂၆ | ၁၃၈၁ | ၂၀၁၉ | ၂၇၆ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၂၇ | ၁၃၈၄ | ၂၀၂၂ | |

**အဖွဲ့အစည်းအမည်များကို ခေတ်စနစ်အခြေအနေအရပြောင်းလဲ**

မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ် ၂၀၁၁ ခုနှစ်အထိ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က ပူဇော်ကန်တော့ခဲ့ပြီး ၁၃၇၄ ခုနှစ် ၂၀၁၂ ခုနှစ်မှစတင်၍ ယခုနှစ်အထိ မြန်မာနိုင်ငံစာရေးဆရာအသင်းက စဉ်ဆက်မပြတ် ဆက်လက်၍ ပူဇော်ကန်တော့ခဲ့ပါသည်။ စာပေလုပ်သားအဖွဲ့ကြီးက (၈)ကြိမ်၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးက (၁၈)ကြိမ်၊ စာရေးဆရာအသင်းကြီးက ယခုနှစ်အပါအဝင် (၉)ကြိမ် စုစုပေါင်း (၃၅)ကြိမ်ရှိပေတော့မည်။ စာပေလုပ်သားအဖွဲ့၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ စာရေးဆရာအသင်းဟူ၍ အဖွဲ့အစည်းအမည်များကို ခေတ်စနစ်အခြေအနေအရ ပြောင်းလဲလာခဲ့ရသော်လည်း အသွင်သဏ္ဌာန်နှင့် အနှစ်သာရရော ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များပါ အတူတူပင်ဖြစ်သည်။ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ဘဏ္ဍာရေးစည်းမျဉ်းကအစ စာပေလုပ်သားအဖွဲ့၏ အမွေကို လက်ဆင့်ကမ်းသယ်ယူလာခဲ့ခြင်းဖြစ်သည်။ ဆိုလိုတာက စာပေလုပ်သားအဖွဲ့၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ စာရေးဆရာအသင်းသည် တစ်ဖွဲ့တစ်သင်းတည်းဖြစ်ကြောင်းပင်တည်း။

ယခုနှစ်ကန်တော့ခံကြမည့် သက်ကြီးစာပေပညာရှင်ကြီးများထဲတွင် အသက်အကြီးဆုံးကန်တော့ခံ စာပေပညာရှင်ကြီးမှာ တစ်သက်တာစာပေဆုရ စည်သူဦးလေးမြိုင် (လေးမြိုင်) (၉၈) နှစ်ဖြစ်ပါသည်။ ကန်တော့ခံများထဲမှ အသက်အကြီးဆုံးကန်တော့ခံစာပေပညာရှင်ကြီး ဦးအောင်သူ (သံမဏိမောင်မောင်) (၁၀၃)နှစ်နှင့် စည်သူဗိုလ်ကလေးတင့်အောင် (၁၀၁) နှစ်တို့ ကွယ်လွန်သွားခဲ့ကြပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်းအနေဖြင့် သက်ကြီးစာပေပညာရှင်ကြီးများကို အစဉ်အလာမပျက် နှစ်စဉ်ဆက်လက် ပူဇော်ကန်တော့နေရာ၌ အသင်းကြီးမှာ ရန်ပုံငွေ(တစ်နည်းအားဖြင့်)ဘဏ္ဍာငွေတောင့်တင်းနေသောကြောင့်မဟုတ်ပါ။ သက်ကြီးစာပေပညာရှင်ကြီးများသည် နိုင်ငံနှင့် လူမျိုးအကျိုးကို တတ်ကျွမ်းသည့်စာပေဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော နှလုံးရည်တပ်သားကောင်းများဖြစ်ခဲ့ကြသည့်အပြင်၊ ဂုဏ်နှင့်အသက်အရွယ်အားဖြင့် ကြီးမြတ်သူများအဖြစ် ရည်မျှော်ကော်ရော်ကာ ပူဇော်ကန်တော့နေကြခြင်း ဖြစ်သည်။

**စာမျက်နှာ ၁၉ သို့** ✻

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ ကောင်စီဝင်များ လစဉ်ပုံမှန်အစည်းအဝေး (၈/၂၀၂၂) ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၇**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာဥပဒေပါကောင်စီ၏ လုပ်ထုံးလုပ်နည်းနှင့်အညီ လစဉ်ပုံမှန်အစည်းအဝေး (၈/၂၀၂၂)ကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိမြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) နှင့် ကောင်စီဝင် ၂၀ တက်ရောက်ခဲ့ကြပြီး ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ယခုအခါ ကောင်စီ၏ တတိယ သက်တမ်းကာလသည် တစ်နှစ်ပြည့်မြောက်ခဲ့ပြီးဖြစ်ကြောင်း၊ ကောင်စီအနေဖြင့် သတင်းမီဒီယာဥပဒေနှင့်အညီ ဆောင်ရွက်သင့်သည်များကို စွမ်းအားရှိသမျှ ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတကာ သတင်းမီဒီယာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများတွင်လည်း မိမိနိုင်ငံ၏ အကျိုးစီးပွားအတွက် သတင်းမီဒီယာကဏ္ဍမှ ပွင့်လင်းတက်ကြွစွာ တင်ပြဆောင်ရွက်ခဲ့ပြီး အောင်မြင်မှုများရှိခဲ့ပါကြောင်း၊ စတုတ္ထမဏ္ဍိုင်၏ ရပ်တည်ချက်နှင့်အညီ သတင်းတု၊ သတင်းမှားများ ပပျောက်ရေးအတွက်လည်း ပညာပေးဟောပြောမှုများ ပြုလုပ်ခြင်း၊ သင်တန်းဖွင့်လှစ်ခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ကြောင်း၊ ကျန်ရှိသည့်ကောင်စီ သက်တမ်းကာလများတွင်လည်း ကောင်စီဝင်များက ပူးပေါင်းပါဝင်၍ တက်ကြွစွာဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက်တက်ရောက်လာသော ကောင်စီဝင်များက အကြံပြု ဆွေးနွေးကြပြီး အစည်းအဝေးကို မွန်းတည့် ၁၂ နာရီတွင် ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**





## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၇**

မြန်မာနိုင်ငံ စာရေးဆရာအသင်းက ၁၃၈၄ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် (၃၅) ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းကြရာ ဆရာသူရဇော်-ခင် (တိုင်းရင်းမေ) စာပေမောင်နှံ မိသားစု၊ စာရေးဆရာမှူးကျော် (ပန်းတနော်)မိသားစု၊ စာရေးဆရာမကြီး ရွှေကူနန်းနွဲ့နွဲ့ မိသားစု၊ စာရေးဆရာ ကျော်စောဟန်မိသားစု၊ ဒေါက်တာမောင်မောင်မြင့်- စာရေးဆရာမ ဝတ်ရည်ခင် (ပဲခူး) (ဥက္ကဋ္ဌ ပဲခူးမြို့နယ် စာရေးဆရာအသင်း) တို့က ငွေကျပ်တစ်သိန်းစီ၊ ဦးတင်ရှိန် (ကောင်းနွဲ့)၊ စာရေးဆရာမ အာသာဝတီခင်မြတ်ဘုန်း (AW ခင်မြတ်ဘုန်း)၊ ရွှေပြည်သာမြို့နယ် စာရေးဆရာအသင်းနှင့် ချောင်းဆုံမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် ငါးသောင်းစီ၊ ဆရာမယဉ်မွေးပန်း(ဟဲဟိုး) နှင့် ဆရာကြည်သိန်းဇော် (မိတ္ထီလာမြို့)တို့က ငွေကျပ်နှစ်သောင်းစီ ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ဆက်သွယ်လှူဒါန်းနိုင်**

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာရေးဆရာအသင်း အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

✻ စာမျက်နှာ ၁၈ မှ

စီးပွားရေးအသင်းအဖွဲ့မဟုတ်သောကြောင့် ဘဏ္ဍာငွေအင်အားနည်းနေသည်ဖြစ်ရာ ပူဇော်ကန်တော့ရန်အတွက် ငွေသားအလှူရှင်များနှင့် ပစ္စည်းအလှူရှင်များထံမှ နှစ်စဉ်မေတ္တာရပ်ခံပြီး ဖြည့်ဆည်းကန်တော့နေကြရပါသည်။ နိုင်ငံတော်သမ္မတရုံးအဆင့်မှသည်… ဝန်ကြီးဌာနများ၊ ပြည်သူ့လွှတ်တော်၊ နိုင်ငံရေးပါတီများ၊ ပုဂ္ဂလိကစာပေဆုချီးမြှင့်ရေးကော်မတီများ၊ မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်း၊ သတင်းမီဒီယာကောင်စီ၊ ညီနောင်အသင်းအဖွဲ့များ၊ မြို့နယ်စာရေးဆရာအသင်းများ၊ ကုမ္ပဏီများ၊ စာပေတိုက်များ၊ တစ်ဦးချင်းစေတနာရှင်များ၏ လှူဒါန်းငွေများ၊ လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့နေခဲ့ရာတွင် စာရေးဆရာအသင်းက လိုအပ်ငွေ လေးပုံတစ်ပုံခန့်ကို နှစ်စဉ်စိုက်ထုတ်သုံးစွဲကုန်ကျနေခဲ့ပါသည်။

စေတနာရှင်အလှူရှင်များ၏ လှူဒါန်းငွေကိုအခြေခံပြီး စာရေးဆရာအသင်းက ဖြည့်ဆည်းနိုင်သည့်ငွေပမာဏကို တွက်ဆကာ ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးများကို ထိုက်သင့်အားလျော်စွာ ကန်တော့နိုင်ရန် စီမံခန့်ခွဲကြရပါသည်။ ထို့ကြောင့် အသက် ၈၀ အထက် အသင်းဝင်တိုင်းကို စေတနာထားကာ ပူဇော်ကန်တော့ချင်ပါသော်လည်း ဝန်နှင့်အားကမမျှသောကြောင့် အားမသန်၍ မာန်လျှော့နေခဲ့ကြရပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်းက သက်ကြီးစာပေပညာရှင်ကြီးများကို နှစ်စဉ်ပူဇော်ကန်တော့နေခဲ့ရာတွင် **“သက်ကြီးစာပေပညာရှင်ဟူသောစာပေစံ အခြေခံမှုများ”** ကို သတ်မှတ်ကာ စာပေအစဉ်အလာ၊ စာပေဝါ၊ သမ္မာ၊ စာပေဂုဏ်သိက္ခာရှိကြသူများကို မူဘောင်နှင့်အညီ စိစစ်ရွေးချယ် ပူဇော်ကန်တော့နေခြင်းဖြစ်ပါသည်။

ထိုသို့ စိစစ်ရွေးချယ် ပူဇော်ကန်တော့ခဲ့ရာတွင် ပါတီစွဲ၊ ဂိုဏ်းစွဲ၊ အဖွဲ့စွဲများနှင့် နိုင်ငံရေးအယူအဆအမျိုးမျိုးကို ဥပေက္ခာပြု လျစ်လျူရှုကာ စာပေလောကသားအားလုံး၏ အကျိုးအတွက် စွမ်းဆောင်နိုင်သမျှအကျိုးပြု ပူဇော်ကန်တော့နေခြင်းဖြစ်ပါသည်။ ဤသည်ကို နှစ်စဉ်ကန်တော့ခံခဲ့ကြရသည့် စာပေပညာရှင်ကြီးများ၏ အတ္ထုပ္ပတ္တိစာအုပ်များက ခိုင်မာစွာသက်သေခံနေကြပါသည်။ မြန်မာနိုင်ငံစာရေးဆရာအသင်းက မူဘောင်များနှင့်ညီသူများကို မျက်နှာကြီးငယ်မရွေး အသင်းဝင်၊ မဝင် မခွဲခြားဘဲ တစ်ပြေးညီ ပူဇော်ကန်တော့နေခဲ့သော်လည်း အချို့က ထင်မြင်ယူဆချက်လွဲချော်ကြကာ ကန်တော့ခံလိုခြင်းမရှိကြောင်း သိရသောအခါ စေတနာ-ဝေဒနာဖြစ်ကြရပါသည်။ မြန်မာနိုင်ငံစာရေးဆရာအသင်းအနေဖြင့် ကန်တော့ခံစာပေပညာရှင်ကြီးများစာရင်းကို မြို့နယ်အသင်းများသို့ နှစ်စဉ်တောင်းခံပြုစုခဲ့ရာတွင် **“သက်ကြီးစာပေပညာရှင်ဟူသော စာပေစံအခြေခံမှုများ”** နှင့် ကိုက်ညီသူများကိုသာ ပေးပို့ကြရန်နှင့် **“အသင်းဝင်သက်ကြီးရွယ်အိုများကို ပူဇော်ကန်တော့နေခြင်းမဟုတ်ကြောင်း”** အမြဲတမ်းကြိုတင်ရှင်းလင်းနေခဲ့ပါသည်။ သို့သော် သတ်မှတ်စာပေစံအခြေခံမှုများနှင့် မကိုက်ညီသဖြင့် ရွေးချယ်ခြင်းမခံရသူအချို့က တစ်ဖက်သတ် အဆိုးမြင်ပြီး ငြိုငြင်ပြစ်တင်ကြလေ့ရှိပါသည်။ အချို့ကလည်း ကန်တော့ခံအသစ်များကို စိစစ်ရွေးချယ်ပြီးမှ ဆက်သွယ်လာခဲ့ရာ မလွှဲမရှောင်သာဘဲချန်လှပ်ထားခဲ့ရသည်များလည်း ရှိခဲ့ပါသည်။ **“အများအကြိုက်၊ ဆယ်ခါလိုက်လည်း၊ မလိုက်တစ်ခါ၊ ရှိခဲ့ပါမူ၊ ကြီးစွာရန်သူ၊ စွဲမှတ်ယူ၏”**ဟူသော လင်္ကာကဲ့သို့ပင် ကိုယ့်လိုဘမပြည့်ရသူများ၏ အမုန်းဒဏ်ကို နှစ်စဉ်ခံနေခဲ့ကြရပါသည်။

**“ကမ္ဘာပေါ်ရှိနိုင်ငံတိုင်း၏ သမ္မတကြီးများ၊ စစ်ဗိုလ်ချုပ်ကြီးများ၊ သိပ္ပံ၊ ဝိဇ္ဇာပညာရှင်ကြီးများ၊ စွန့်ဦးတီထွင်စွမ်းအားရှင်ကြီးများဖြစ်နိုင်ကြသော်လည်း စာရေးဆရာစစ်စစ်၊ သတင်းစာဆရာစစ်စစ်၊ အယ်ဒီတာချုပ်နှင့် အယ်ဒီတာစစ်စစ်ဖြစ်နိုင်ခြေကား အလွန်ပင်ရှားပါးခက်ခဲလှပေရာ စာရေးဆရာကြီးငယ်အပါအဝင် စာပေလောကသားအားလုံးကို အလေးအမြတ်အသိအမှတ်ထား ဂုဏ်ပြုအမွှမ်းတင်ရာ မော်ကွန်းတင်ရာ “စာဆိုတော်နေ့” ကိုကား စာပေပညာရှင်စစ်စစ် စာပေလောကသားတိုင်းက ချစ်ခင်နှစ်သက်၊ စွဲမက်အားထားလေးစားဂုဏ်ပြုနေကြပါသည်။ ဤသည်ကို မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးက မမေ့မလျော့သောအသိ၊ သတိဖြင့် စာပေတာဝန်များကို ကျေပွန်စွာထမ်းရွက်ခဲ့ကြသော “နှလုံးရည်တပ်သားသူရဲကောင်း သက်ကြီးစာပေပညာရှင်ကြီးများ” ကို နှစ်စဉ်ပူဇော်ကန်တော့နေခဲ့ရာ ယခုနှစ်သည် (၃၅) ကြိမ်မြောက် ပူဇော်ကန်တော့ပွဲဖြစ်”**

“အများအကျိုး၊ ရွက်သယ်ပိုးက၊ ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊ မရွံ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့” ဟူသော **“စစ်ကိုင်းရွှေဟင်္သာ ဆရာတော်ဘုရားကြီး”** ၏ ဩဝါဒကို ဦးထိပ်ပန်ဆင်ကာ နှစ်စဉ်မပျက် ဆက်လက်ပူဇော်ကန်တော့ခဲ့ရာ အောင်မြင်တိုးတက်မှုရှိခဲ့ပြီး (၃၅)ကြိမ်မြောက်ခရီးသို့ ရောက်ခဲ့လေပြီ။

ယခု(၃၅)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာလ ပထမပတ်ထဲတွင် ရန်ကုန်မြို့တော်ခန်းမ၌ ယခင်နှစ်များသကဲ့သို့ စာပေလောကသားများစုံညီစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ကန်တော့ခံသက်ကြီးစာပေပညာရှင် ၂၅၀ ခန့်အတွက် ထက်သန်သော စေတနာမွန်ဖြင့် အလှူငွေများနှင့် ကန်တော့ဖွယ်ရာပစ္စည်းများကို မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးသို့ ဆက်သွယ်လှူဒါန်းကြပါရန်နှင့် ကန်တော့ပွဲအခမ်းအနားသို့ ဝမ်းပန်းတသာ သဒ္ဓါကြည်ညိုစွာဖြင့် တက်ရောက်ကုသိုလ်ယူကြပါရန် ဆန္ဒမွန်ပြုလိုက်ရပါသည်။ ။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၁၉၈ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇၆ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၇-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၆-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၇-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၁၀,၁၉၈)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၁၇၆)ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၇၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိဓာတ်ခွဲနမူနာစုစုပေါင်း (၉,၃၇၂,၁၂၆)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၁,၂၃၅) ဦးရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၁၀)ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၀၅,၁၅၁) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၀)ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၁၅-၁၀-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများနှင့် သေဆုံးသူများ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူစုစုပေါင်း၏ (၉၀.၄) ရာခိုင်နှုန်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း၏ (၈၀.၉) ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

| ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများ | ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူ | ကိုဗစ်-၁၉ ရောဂါ ကြောင့် သေဆုံးသူ |
|---|---|---|
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူနှင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူ | ၉၀.၄ % | ၈၀.၉ % |

နိုင်ငံတကာသုတေသနတွေ့ရှိချက်များအရလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား မဖြစ်မနေထိုးနှံထားရှိရန် လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိသည့်အပြင် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ကျောင်းသား ကျောင်းသူများနှင့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးလျက်ရှိရာ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၈၂၉၁၃၈ | ၉၆၆၉၆၀၁၁ | ၁၀၉၄၁၆၃ |
| ၂။ | အိန္ဒိယ | ၄၄၆၄၆၈၈၀ | ၄၄၀၉၇၀၇၂ | ၅၂၈၉၈၇ |
| ၃။ | ပြင်သစ် | ၃၆၇၀၇၅၆၆ | ၃၅၅၄၈၅၃၆ | ၁၅၆၇၀၀ |
| ၄။ | ဂျာမနီ | ၃၅၄၆၁၉၂၀ | ၃၃၆၉၃၂၀၀ | ၁၅၃၁၉၃ |
| ၅။ | ဘရာဇီး | ၃၄၈၄၉၀၆၈ | ၃၄၀၃၄၀၃၉ | ၆၈၇၉၆၀ |
| ၆။ | တောင်ကိုရီးယား | ၂၅၄၃၁၁၀၅ | ၂၄၉၄၁၇၄၆ | ၂၉၀၆၉ |
| ၇။ | ဗြိတိန် | ၂၃၈၅၅၅၂၂ | ၂၃၄၈၉၀၈၉ | ၁၉၂၆၈၂ |
| ၈။ | အီတလီ | ၂၃၄၄၃၄၂၉ | ၂၂၇၆၆၃၁၄ | ၁၇၈၈၄၆ |
| ၉။ | ဂျပန် | ၂၂၁၄၈၈၆၃ | ၂၀၄၈၁၄၇၂ | ၄၆၄၈၅ |
| ၁၀။ | ရုရှား | ၂၁၄၀၂၂၀၉ | ၂၀၇၆၃၉၀၄ | ၃၈၉၈၇၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၉၉၃၅၇ | ၁၀၆၀၂၂၅၉ | ၄၃၁၆၅ |
| ၂။ | အင်ဒိုနီးရှား | ၆၄၈၁၇၄၉ | ၆၃၀၁၆၉၄ | ၁၅၈၅၂၂ |
| ၃။ | မလေးရှား | ၄၈၈၇၆၇၅ | ၄၈၂၃၉၈၄ | ၃၆၄၅၈ |
| ၄။ | ထိုင်း | ၄၆၈၉၈၉၇ | ၄၆၄၉၅၀၉ | ၃၂၉၂၂ |
| ၅။ | ဖိလစ်ပိုင် | ၃၉၉၉၂၆ | ၃၉၁၄၀၉၀ | ၆၃၉၂၁ |
| ၆။ | စင်ကာပူ | ၂၀၈၀၃၄၁ | ၁၉၉၀၅၅၃ | ၁၆၆၈ |
| ၇။ | မြန်မာ | ၆၃၁၂၃၅ | ၆၀၅၁၅၁ | ၁၉၄၈၀ |
| ၈။ | ဘရူနိုင်း | ၂၃၄၅၈၂ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၆၂၁၂ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၉၇၉ | ၁၃၄၉၁၄ | ၃၀၅၆ |

## ဖျာပုံမြို့၌ အခြေခံပညာကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**ဖျာပုံ အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ခရိုင်/မြို့နယ် ပညာရေးဌာန၏ ဦးဆောင်မှုဖြင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ (ထက်၊ လယ်၊ မူ) ကျောင်းအုပ်ကြီးများအား စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ဖျာပုံမြို့ အထက(၁) အောင်မြေခန်းမ၌ ကျင်းပရာ ဖျာပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းဦးက အဖွင့်အမှာစကား ပြောကြားသည်။

### ၂၈၆ ဦး တက်ရောက်

အဆိုပါ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၏ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို မြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီး ၂၈၆ ဦး တက်ရောက်လျက်ရှိပြီး ဆွေးနွေးပွဲကို အောက်တိုဘာ ၂၇ ရက်နှင့် ၂၈ ရက်အထိ နှစ်ရက်ကြာ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

၂၀၇

## နေပြည်တော် ဇေယျာသီရိမြို့နယ် ပေါင်းလောင်းချောင်းအတွင်း ငါးသားပေါက်ကောင်ရေ ငါးသိန်းမျိုးစိုက်ထည့်

**နေပြည်တော် အောက်တိုဘာ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တိုင်း ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝမြစ်ချောင်းများအတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့စေရန်နှင့် ဒေသတွင်း ပြည်သူများ ငါးစားသုံးမှု ပိုမိုရရှိစေရန် ရည်ရွယ်၍ ဇေယျာသီရိမြို့နယ် ပေါင်းလောင်းချောင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို အောက်တိုဘာ ၂၅ ရက် နံနက် ၉ နာရီက ဆိပ်ကမ်းသာ၌ ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ နေပြည်တော်တိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ညိုညိုအေး၊ ဒုတိယတိုင်းဦးစီးဌာနမှူး ဦးဇော်လင်းမြင့်၊ ဥတ္တရခရိုင်တာဝန်ခံ ဦးမင်းဇော်၊ ဒက္ခိဏခရိုင်တာဝန်ခံ ဦးထွန်းနွယ်ဦး၊ ရေဆင်းငါးစခန်းတာဝန်ခံ၊ လယ်ဝေးမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဒေသခံများက ဇေယျာသီရိမြို့နယ် ပေါင်းလောင်းချောင်း ဆိပ်ကမ်းသာအတွင်းသို့ ရေဆင်းငါးလုပ်ငန်းစခန်းမှ သားဖောက်ထုတ်လုပ်သော နှစ်လက်မအရွယ် ငါးမြစ်ချင်းကောင်ရေ နှစ်သိန်းငါးသောင်း၊ ထိုင်းငါးခုံးမကြီး ကောင်ရေ နှစ်သိန်းငါးသောင်း စုစုပေါင်းကောင်ရေ ငါးသိန်းအား ပေါင်းလောင်းချောင်းအတွင်း မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၂၆-၁၀-၂၀၂၂ ရက်နေ့မှအဆက်

အမှန်၌ ကိုခင်မောင်ကြည် မိတ်ဆက်ပေးစဉ် မော်က မစ္စတာရှားမားကို မျက်စိမှိတ်၍ ပြထားပြီးဖြစ်သည်။ ထို့ကြောင့်လည်း မစ္စတာမားက အသာငြိမ်၍နေခြင်းဖြစ်သည်။ အတန်ကြာမှ နှစ်ယောက်စလုံး ဟန်မဆောင်နိုင်ချေ။ မော်က ဘယ်ဘက်လက်ဖြင့် လက်ပြန်နှုတ်ဆက်လိုက်သည်။

"သြော်... ဟုတ်လား၊ တွေ့ရတာ ဝမ်းသာပါတယ်ရှင်။ နောက်လည်း မှတ်ထားပါ။ မော်ကတော့ အမေရိကန်ပြန်ကြီး ဦးခင်မောင်ကြည်ရဲ့ နှမလေးလည်းဟုတ်ပါတယ်။ မိတ်ဆွေရင်းလည်း ဟုတ်ပါတယ်။ အခုလို အင်ဂျင်နီယာကြီးနဲ့တွေ့ရတာ ဝမ်းသာပါတယ်"

မော်ကပြောရင်း မအောင့်နိုင်သဖြင့် ရယ်ချလိုက်၏။ မစ္စတာရှားမားကပါ ရောရယ်လိုက်သည်။ သည်တော့မှလည်း ကိုခင်မောင်ကြည်က သဘောပေါက်တော့သည်။

"သြော် ... သူတို့က သိနှင့်ပြီးသားကိုး။ မော်က သိပ်နောက်တယ်ကွာ။ မစ္စတာရှားမားအကြောင်းကို ကားပေါ်မှာ ပြောတုန်းကလည်း ငြိမ်နေတာပဲ။ ဘာမှ မပြောဘူး"

မော်က ကျေနပ်နေဟန်ဖြင့် နှုတ်ခမ်းပါးကလေးများ လိပ်တက်သွားအောင်ပင် ရယ်လိုက်သည်။

"မော်က ကျွန်တော်တို့ရဲ့ နှင်းဆီခိုင်ကလေးပေါ့ဗျာ။ ဆရာမပါရင်လေ အလှူမဖြစ်သလောက်ဆိုတဲ့ သီချင်းလိုပေါ့။ မော်မပါရင် ကပွဲမဖြစ်ပါဘူးခင်ဗျာ"

"အမယ်...မစ္စတာရှားမားက အတော်တိုးတက်နေပါလား"

"ကိုကိုကြည်က နိုင်ငံခြားသွားနေလို့ မသိတာ။ မစ္စတာရှားမားက သက်တန့်ပေါ်မှာကစားမယ် သီချင်းအဆိုသိပ်ကောင်းတယ်။ ပါတီတွေမှာ မစ္စတာရှားမားက သက်တန့်ပေါ်မှာကစားမယ် သီချင်းဆိုလိုက်ရင်း အကုန်လုံး ငြိမ်သွားတာပဲ။ တခြားလူတွေ အရှုံးပေးရတယ်"

မစ္စတာရှားမားသည် မော်၏ချီးမွမ်းခန်းကို ကျေနပ်နေဟန်ရှိသည်။ ကိုခင်မောင်ကြည်နှင့် မော်သည် မစ္စတာရှားမားပေးသောနေရာတွင် ဝင်၍ထိုင်လိုက်သည်။ နေရာပေးပုံမှာ စနစ်ကျလှသည်။

နှစ်ယောက်ထိုင်စားပွဲ၊ လေးယောက်ထိုင်၊ ခြောက်ယောက်ထိုင်စားပွဲများ ခင်းထားသည်။ သူ့အတွဲနှင့်သူ သီးသန့်ပေးထားသည်။ မော်သည် ကပွဲဥယျာဉ်ကိုကြည့်ရင်း အံ့သြနေမိသည်။

မစ္စတာရှားမားကမူ ကိုခင်မောင်ကြည်နှင့် မော်တို့စားပွဲအတွက် အစောင့်လူငယ်တစ်ယောက်ကို ခေါ်၍ပေးလိုက်သည်။

"ကဲ .. လိုတာမှာ၊ သူ အမြဲဒီမှာရှိမယ်"

စားပွဲတစ်ပွဲလျှင် ခိုင်းစေမည့် စားပွဲစောင့်တစ်ယောက်ကျရှိသည်။

ကပွဲခန်းက ညှော့ခန်းစားပွဲများဘေးတွင် ကပ်လျက်ရှိသည်။ ကပွဲခန်းနှင့် ညှော့ခန်းကြားတွင် အရက်နှင့် စားသောက်စရာကို သီးသန့်နေရာချထားသည်။

မော်အကြိုက်ဆုံးမှာ မီးထွန်းထားပုံဖြစ်သည်။ မီးလုံးများကို မမြင်ရ။ ဆည်းဆာရောင် (သို့မဟုတ် ) အရုဏ်ဦး မပွင့်တပွင့် အလင်းရောင်ကလေးများကို သစ်ပင်၊ ပန်းပင်များအကြားတွင် ရောင်စုံထွန်း၍ထားသည်။

ပြီးမှ စားပွဲတိုင်း၌ စားပွဲတင်မီးလုံးကလေးများ ပေးထားသည်။

ထိုမီးလုံးကလေးများမှာ ဆယ့်ငါး၊ နှစ်ဆယ်အားလောက်သာ ရှိသည်။

ဤမီးရောင်ကလေးများကပင် စိတ်ကို တစ်မျိုးနှိုးဆွပေးသလို ရှိတော့သည်။

"ကဲ ... လုပ်လေ မော်၊ မကခင် နည်းနည်းပူလာအောင်။ ပြီးတော့လည်း ပြောမယ်ဆိုတဲ့စကားလေး ပြောပါဦး၊ ကြားချင်လှပြီ"

မော်သည် ဝိုင်ခွက်ကို ခပ်ရွရွကလေး ကိုင်မြှောက်လိုက်ရင်း နှုတ်ခမ်းနှင့်ပွတ်၍ လှည့်နေလိုက်သည်။ ကိုခင်မောင်ကြည်က သူ့အရက်ခွက်ကို မော့်ခွက်ဖြင့် ထိလိုက်ပြီးလျှင် နတ်တင်သလို အပေါ်သို့ပင့်လိုက်ရင်း အရက်ဂါထာကို ကျူးရင့်လိုက်သည်။ ပြီးမှ တစ်ကျိုက်မျှသောက်လိုက်သည်။

"ကဲ ... မော်ရေ၊ ပြောမှာဖြင့်ပြောကွာ။ ဘာလဲ"

"ဘာမှ ထူးထူးဆန်းဆန်း မဟုတ်ပါဘူး။ ဒါပေမဲ့ ကိုကိုကြည်ကြားရင်တော့ အံ့သြမှာပဲ။ ကိုကိုကြည် ကျန်ရစ်ဖြစ်နေပြီ ... သိလား"

ကိုခင်မောင်ကြည်သည် မော့်စကားကို နားထောင်ရင်း ကြောင်၍နေပြန်သည်။

အကောင်းပြောစမ်းကွာ ... မော်ကလည်း၊ အမြဲတမ်းနောက်နေတာပဲ"

"အဟုတ်ပြောတာပါ၊ ကိုကိုကြည် ကျန်ရစ်ဖြစ်ပြီ ... သိလား။ ပြောရင်ယုံမှာ မဟုတ်ဘူး။ အံ့သြဖို့ကောင်းတယ်။ 'မ' ဟာ ဒီလိုလူစားမျိုးကို စဉ်းစားမယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့မိဘူး။ 'မ' အတွက် မော် သိပ်ရှက်တာပဲ"

မော်သည် ခံပြင်းသည့်စိတ်ဖြင့် ခေါင်းခါခါ လည်ခါခါ စချီလိုက်သည်။

သည်တော့မှလည်း ကိုခင်မောင်ကြည်က စိတ်ဝင်စားလာ၏။ မော် အတည်ပြောမှန်း သိလာတော့သည်။ အနီးမှ စားပွဲစောင့်က နောက်ထပ်တစ်ခွက် လာချလိုက်သည်။ မော်သည် ဝိုင်ခွက်ကို တစ်ချက်တည်း မော့လိုက်သည်။

"ဘယ်သူလဲကွ ... ပြောစမ်းပါဦး"

"အိမ်မှာ စန္ဒရားသင်ဖို့ ခေါ်ထားတဲ့လူနဲ့တဲ့ ကိုကိုကြည်ရယ်။ ကောင်းကြရော။ ဒီလူ ဘယ်ကမှန်းလဲမသိ၊ ပြိုင်ပွဲမှာ ဝင်ပြိုင်တုန်းက ဒက်ဒီက သနားပြီး ခေါ်ထားတာနဲ့ ဒီလိုလူမျိုးကိုများ စိတ်ကူးတာများ အံ့ရော"

မော်ပြောသောစကားများကို ကိုခင်မောင်ကြည်ကိုယ်တိုင် မယုံနိုင်အောင် ရှိတော့သည်။

ထို့ကြောင့် ကိုခင်မောင်ကြည်သည် မလှုပ်မယှက် မော့်ကိုသာ စိုက်၍ ကြည့်နေတော့သည်။

"ဟုတ်ပ့ါမလား မော်ရာ၊ 'မ'ဟာ ဒါလောက် အစဉ်းစားဉာဏ် မနည်းနိုင်ပါဘူး"

"အချစ်နဲ့တွေ့ကြရင် လူတွေ မျက်စိကန်းကြတယ်မဟုတ်လား။ မော်က မဟုတ်ဘဲ ကိုယ့်အစ်မရဲ့ ရှက်စရာသတင်းကို ပြောပ့ါမလား။ မော့်မျက်စိနဲ့ ကိုမြင်ရတာ ကိုကိုကြည်ရဲ့။ 'မ' နဲ့ အဲဒီကိုဘခက်ဆိုတဲ့ စန္ဒရားဆရာနဲ့ အခန်းထဲမှာ ဖက်ပြီးနေတာကို ပက်ပင်းတိုးတာ။ အဲဒီနေ့က မာမီလည်းမရှိဘူး၊ ဒက်ဒီကလည်း အပေါ်ထပ်စာကြည့်ခန်းမှာ။ မော်က မာမီနဲ့လိုက်သွားပြီးမှ ပျော်ပွဲစားထွက်တုန်းက ခာတ်ပုံတွေမေ့နေလို့ပြန်ယူတာ။ အဲဒါ သွားပြီးတွေ့တာ။ မော်ဖြင့် ရှက်လည်းရှက်တယ်။ 'မ' ကိုလည်း အထင်သေးတယ်"

မော့်မျက်နှာကလေးမှာ ဒေါသဖြင့် တင်းမာ၍နေတော့သည်။ ကိုခင်မောင်ကြည်ကမူ ဘာမှ ဆက်၍မပြောဘဲ ငိုင်၍နေတော့သည်။ 'မ' ပြောသောစကားများကို ပြန်၍ကြားယောင်နေမိသည်။

"အရိုးအတိုင်းပြောရရင် 'မ' နဲ့ ကိုကိုကြည်ဟာ မိဘမျိုးရိုး၊ ဂုဏ်ကျက်သရေ၊ အဆင့်အတန်းချင်း တူတယ်လို့ထင်ရပေမယ့် တကယ်ဆိုတော့ လူချင်း၊ စိတ်နေစိတ်ထားချင်း၊ ရည်မှန်းချက်ချင်းက ကွာလွန်းလှပါတယ်။ 'မ' ရဲ့ ရည်မှန်းချက်က ကိုကိုကြည်တို့နဲ့စာရင် နိမ့်လွန်းပါတယ်။ ကိုကိုကြည်၊ ဗစ်တာနဲ့ မွန်၊ မော်တို့ဟာ ဘုံဖျားကိုမှ ရပ်လိုသူတွေပါ။ 'မ' နဲ့ အဟပ်ချင်းက ကွာလှပါတယ်"

ကိုခင်မောင်ကြည်သည် 'မ' ပြောသောစကားများကို ပြန်လည်ကြားယောင်မိရင်းက မကျေမချမ်းနိုင်အောင်ရှိတော့သည်။ သူ့လို အဘက်ဘက်က ငြင်းပယ်စရာမရှိသော လူတစ်ယောက်ကို ခါးခါးသီးသီး ငြင်းပယ်ပြီးမှ ဘာမဟုတ်သော အတီးဆရာတစ်ယောက်ကိုမှ ရွေးချယ်ခြင်းကိုမူ မခံရပ်နိုင်အောင် ရှိတော့သည်။

အမှန်တော့ ကိုခင်မောင်ကြည်သည် မိန်းမနှင့်ပတ်သက်လျှင် သူ့ကိုယ်သူ အယုံကြီးယုံစားသူဖြစ်သည်။ အယုံကြီးမည်ဆိုလျှင်လည်း ကြီးထိုက်၏။ အထင်ကြီးမည်ဆိုလျှင်လည်း ကြီးလောက်သည်။ ရုပ်ချော၊ ပညာတတ် လူကုံထံသား။ အမေရိကန်ပြန် စသည့်အရည်အချင်းများက သူ့ကို ဤသို့သော ထင်တစ်လုံးမျိုးကို စွဲဝင်စေ၏။

'မ' နှင့်တွေ့သောအခါ သူ့ကိုယ်သူပင် မယုံနိုင်အောင် ရှိတော့သည်။ သို့တိုင်အောင်လည်း စိတ်ထဲ၌ကား မလျှော့။ အချစ်ရေးနှင့်ပတ်သက်လာလျှင် မိန်းမများအပေါ်တွင် ယောက်ျားများက ခပ်ပေ့ါပေ့ါတွေးတတ်သည့်အတိုင်း "မူတာပဲ" ဟုသာ တွေးထင်ခဲ့လေသည်။

ယခု မော်၏စကားများကို ကြားရသောအခါ ကိုခင်မောင်ကြည်၏ စိတ်ထဲတွင် မခံမရပ်နိုင်အောင်ရှိတော့သည်။ သူလိုလူတစ်ယောက်ကို ငြင်းပယ်၍ အညတရ ဂီတဆရာတစ်ယောက်ကိုမှ ရွေးချယ်ကြည်ဖြူခြင်းကိုမူ ကိုခင်မောင်ကြည်အဖို့ နားမလည်နိုင်အောင် ရှိတော့သည်။ အပွဲပွဲနွှဲလာသမျှ ဤပွဲမှ အညံ့ခံလိုက်ရသည်ကိုလည်း မကျေမချမ်းနိုင်အောင် ရှိတော့သည်။

ကိုခင်မောင်ကြည်သည် အသစ်ရောက်လာသော အရက်ခွက်ကို နှစ်မော့သုံးမော့ ဆက်၍မော့လိုက်သည်။ ပြီးမှ စီးကရက်ကို ရှိုက်၍ဖွာရင်း 'မ'အပေါ်တွင် မှတ်ချက်ချလိုက်သည်။

"ဒါဟာ အချစ်မဟုတ်ဘူး ... နီးစပ်မှုပဲ။ အန်ကယ်မှားတာပဲ၊ အိမ်မှာ သမီးပျိုတွေရှိနေတာ ... ဒီလို စန္ဒရားသမားတစ်ယောက် ခေါ်ထားတာကိုက မှားတာပဲ"

"အမယ် ... ကိုကိုကြည်က ဒီလိုတော့ မပြောနဲ့။ မော်တို့များ ခဲယဉ်းသားပဲ။ သူ့ဆီမှာလည်း ဒက်ဒီက အသင်ခိုင်းပေမယ့် မသင်ပါဘူး။ ရွှေမန်းမေသီချင်းတောင် ဘယ်လိုတီးရမှန်းမသိဘူး။ ဒါနဲ့များ စန္ဒရားဆရာတဲ့။ သူတီးတဲ့သီချင်းတွေလည်း မော်ဖြင့် နားမလည်ပါဘူး။ ထံတျာတေတဲ့။ ပြီးတော့ ဒလုတ္တို့ ခလုတ်တို့ ... အို ရှုပ်နေတာပဲ။ 'မ'က ဒါတွေ အထင်ကြီးတယ် ကိုကိုကြည်ရဲ့။ ပြီးတော့ စိတ်ကလည်း ပျော့တယ်။ ဒါကြောင့် ဒီလိုဖြစ်ရတာ။ ဒါပေမဲ့ ဒီလူ အိမ်ကပြေးရမှာ။ မာမီက သူ့ကို ထားမှာ မဟုတ်ပါဘူး"

"သြော် .. ဒီကိစ္စ အန်တီသိသွားပလား"

"သိတော့ မသိသေးဘူး။ မော် စိတ်ကူးထားတယ်၊ 'မ'ကို မေးမယ်။ 'မ' က နောက်ထပ် ဒီလူနဲ့ ကင်းကင်းနေနိုင်မယ်ဆိုရင် 'မ' ကိုယ်တိုင်က ဒီလူကို မောင်းထုတ်ပစ်ရမယ်။ နို့မို့ရင် အိမ်က ဒီလူထွက်သွားလည်း တစ်နည်းနည်းနဲ့တော့ ဆက်နေကြဦးမှာပဲမဟုတ်လား။ 'မ' ကိုယ်တိုင် မောင်းထုတ်လိုက်တော့ တစ်ခါတည်းပြတ်သွားတာပေ့ါ"

ဆက်လက်ဖော်ပြပါမည်။


ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**ကိုခင်မောင်ကြည်သည် မော့်စကားကိုနားထောင်ရင်း ကြောင်၍နေပြန်သည်။**
**"အဟုတ်ပြောတာပါ၊ ကိုကိုကြည် ကျန်ရစ်ဖြစ်ပြီ . . . သိလား။**
**ပြောရင်ယုံမှာမဟုတ်ဘူး။**
**အိမ်မှာ စန္ဒရားသင်ဖို့ခေါ်ထားတဲ့လူနဲ့တဲ့ ကိုကိုကြည်ရယ်။ ကောင်းကြရော။**
**ဒီလူ ဘယ်ကမှန်းလဲမသိ၊ ပြိုင်ပွဲမှာ ဝင်ပြိုင်တုန်းက ဒက်ဒီက သနားပြီးခေါ်ထားတာနဲ့**
**ဒီလိုလူမျိုးကိုများ စိတ်ကူးတာများ အံ့ရော"**
**ကိုခင်မောင်ကြည်သည် 'မ' ပြောသောစကားများကို ပြန်လည်ကြားယောင်မိရင်းက**
**မကျေမချမ်းနိုင်အောင်ရှိတော့သည်။ သူ့လို အဘက်ဘက်က ငြင်းပယ်စရာမရှိသော**
**လူတစ်ယောက်ကို ခါးခါးသီးသီးငြင်းပယ်ပြီးမှ ဘာမဟုတ်သော**
**အတီးဆရာတစ်ယောက်ကိုမှ ရွေးချယ်ခြင်းကိုမူ . . .**

## အနုပညာ

# ယခုနှစ် People's Choice Awards ဆုပေးပွဲဆန်ခါတင်စာရင်းမှာ ပါဝင်နေတဲ့ BTS နဲ့ BLACKPINK





ယခုနှစ်အတွက် People's Choice Awards ဆုပေးပွဲ ဆန်ခါတင်စာရင်း လတ်တလောထုတ်ပြန်ခဲ့ရာမှာ တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသား တေးဂီတအဖွဲ့ BTS နဲ့ အမျိုးသမီးတေးဂီတအဖွဲ့ BLACKPINK တို့ ပါဝင်နေတာတွေ့ရကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ ဆုပေးပွဲကို လာမယ့် ဒီဇင်ဘာ ၆ ရက်မှာ ကယ်လီဖိုးနီးယားပြည်နယ် ဆန်တာမိုနီကာမှာ ပြုလုပ်မှာပါ။ ယင်းဆုပေးပွဲမှာ ၂၀၂၂ ခုနှစ်အတွက် တေးဂီတအဖွဲ့ ဆန်ခါတင်စာရင်းမှာ နှစ်ဖွဲ့စလုံး ပါဝင်နေပြီး အခြားသောဆုတွေအတွက်လည်း ဆန်ခါတင်စာရင်း ဝင်နေတာတွေ့ရပါတယ်။

# အနုပညာသက်တမ်း ခုနစ်နှစ်ပြည့်ခဲ့ပြီဖြစ်တဲ့ TWICE

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ TWICE ဟာ အဖွဲ့စတင်လှုပ်ရှားခဲ့တာ ခုနစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ အဖွဲ့ရဲ့ နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ပြခန်းနဲ့ စတိုးဆိုင်တစ်ဆိုင်ကို ဖွင့်လှစ်ခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဖွဲ့ဝင်ကိုးဦးပါဝင်တဲ့ TWICE ဟာ အဖွဲ့စတင်တည်ထောင်ခြင်း ခုနစ်နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် Together 1&2 လို့ အမည်ရတဲ့ ပြခန်းနဲ့ Pop–Up ဆိုင်တစ်ဆိုင်ကို လတ်တလောမှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။

ဒါ့အပြင် အဖွဲ့ဝင်တွေဟာ အွန်လိုင်းကနေတစ်ဆင့် ပရိသတ်တွေအတွက် အမှတ်တရတွေကို ဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။ တိုက်ရိုက်ထုတ်လွှင့်မှုအတွင်းမှာလည်း ခုနစ်နှစ်ပြည့်မြောက်ခဲ့တဲ့အပေါ် အဖွဲ့ဝင်တွေရဲ့ ခံစားချက်တွေကို ထုတ်ဖော်ပြောကြားခဲ့ပြီး ပရိသတ်တွေနဲ့ပတ်သက်တဲ့ အမှတ်တရတိုင်းကို တန်ဖိုးထားသလို ရှေ့ဆက်ပြီး အမှတ်တရကောင်းတွေ ဖန်တီးလိုကြောင်းလည်း အဖွဲ့ဝင်တွေက ဆိုပါတယ်။

**အေးပြည့် – စုစည်းသည်**

❂ ကျောဖုံးမှ

အလားအလာကောင်းသွားခဲ့သည်။ လက်ကျန်သုံးပွဲ အလိုတွင် ခုနစ်မှတ်ဖြတ်ဦးဆောင်ထားသည့် ရှမ်းယူနိုက်တက်အသင်းသည် တစ်ပွဲအနိုင်ရရုံဖြင့် ချန်ပီယံဆုကို ကာကွယ်နိုင်မည်ဖြစ်သည်။ ရခိုင်ယူနိုက်တက်အသင်းမှာမူ သုံးပွဲကစားရန် ကျန်သေးသော်လည်း အဆင့် ၈ နေရာမှ မဟာယူနိုက်တက်အသင်းနှင့် ၁၀ မှတ်ကွာဟနေသဖြင့် တန်းဆင်းရန် သေချာသွားခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ဒဏ်ရာရနေသည့် တောင်ပံကစားသမား နန္ဒကျော်မှလွဲ၍ နိုင်ငံခြားသားကစားသမားများအပါအဝင် လူစုံပါဝင်ခဲ့ပြီး ရခိုင်ယူနိုက်တက်အသင်းကလည်း တန်းဆင်းဇုန်မှလွတ်ရေး နောက်ဆုံးမျှော်လင့်ချက်ဖြစ်သောကြောင့် လူစုံအသုံးပြုခဲ့သည်။

ပွဲစဉ် (၁၇) အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၅ ပွဲကစား ရမှတ် ၃၉ မှတ်ဖြင့် ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နေပြီး ရန်ကုန်အသင်းက ၁၅ ပွဲကစား ၃၂ မှတ်၊ ဟံသာဝတီအသင်းက ၁၆ ပွဲကစား ၃၂ မှတ်၊ ရှောဝတီအသင်းက ၁၅ ပွဲကစား ၂၆ မှတ်၊ ရတနာပုံအသင်းက ၁၅ ပွဲကစား ၂၅ မှတ်၊ မြဝတီအသင်းက ၁၅ ပွဲကစား ၂၄ မှတ်၊ အား/ကာသိပွဲအသင်းက ၁၅ ပွဲကစား ၂၁ မှတ်၊ မဟာယူနိုက်တက်အသင်းက ၁၇ ပွဲကစား ၁၁ မှတ်၊ GFA အသင်းက ၁၆ ပွဲကစား ၁၀ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၅ ပွဲကစား တစ်မှတ်ရရှိထားသည်။

သတင်း–ကိုညီလေး

ဓာတ်ပုံ–MNL

❖

❍ လီဗာပူးအသင်းမှ

တိုက်စစ်မှူး မိုဟာမက်ဆာလာဟာ အခုပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် နောက်ဆုံးကစားခဲ့တဲ့ချန်ပီယံလိဂ်လေးပွဲမှာ သွင်းဂိုးခြောက်ဂိုးအထိ ရှိလာခဲ့တာလည်း ဖြစ်ပါတယ်။

အင်တာမီလန်အသင်းနဲ့ ဗစ်တိုးရီးယားပယ်လ်ဇန်အသင်းတို့ပွဲစဉ်မှာ အင်တာမီလန်အသင်းက လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပြီးနောက် အင်တာမီလန်အသင်းက ချန်ပီယံလိဂ်(၁၆)သင်းအဆင့်တက်လှမ်းခဲ့တာကြောင့် တစ်အုပ်စုတည်းကျရောက်ခဲ့တဲ့ ဘာစီလိုနာအသင်း အုပ်စုအဆင့် တတိယနေရာနဲ့ ကျေနပ်ခဲ့ရပြီး ချန်ပီယံလိဂ်ပြိုင်ပွဲကနေ ထွက်ခဲ့ရကာ ယူရိုပါလိဂ်မှာ ပြန်လည်ကစားရမှာလည်း ဖြစ်ပါတယ်။

အင်တာမီလန်အသင်းနဲ့ ဗစ်တိုးရီးယားပယ်လ်ဇန်အသင်းတို့ပွဲစဉ်မှာ အင်တာမီလန်အသင်းအတွက် သွင်းဂိုးတွေကို ၃၅ မိနစ်မှာ မီခီတာယန်၊ ၄၂ မိနစ်နဲ့ ၆၆ မိနစ်တို့မှာ ဇက်ကို၊ ၈၇ မိနစ်မှာ လူကာကူတို့က သွင်းယူပေးခဲ့တာဖြစ်ပြီး အဲဒီအုပ်စုမှာ ဘိုင်ယန်မြူးနစ်အသင်းနဲ့ အင်တာမီလန်အသင်းတို့က နောက်တစ်ဆင့်တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။



လက်ရှိချန်ပီယံလိဂ်အုပ်စုအဆင့် ပွဲစဉ်တစ်ပွဲကစားဖို့ ကျန်ရှိနေချိန်မှာ ချန်ပီယံလိဂ်(၁၆)သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တဲ့ အသင်း ၁၂သင်း ထွက်ပေါ်ထားပြီး အင်္ဂလန်ကလပ်အသင်းတွေဖြစ်တဲ့ လီဗာပူး၊ ချယ်လ်ဆီး၊ မန်စီးတီး၊ ဂျာမနီကလပ်အသင်းတွေဖြစ်တဲ့ ဘိုင်ယန်၊ ဒေါ့မွန်၊ စပိန်ကလပ်ရီးယဲလ်မက်ဒရစ်၊ ပြင်သစ်ကလပ် ပီအက်စ်ဂျီ၊ အီတလီကလပ်အသင်းတွေဖြစ်တဲ့ အင်တာမီလန်၊ နာပိုလီ၊ ပေါ်တူဂီကလပ်အသင်းတွေဖြစ်တဲ့ ဘင်ဖီကာ၊ ပေါ်တို၊ ဘယ်လ်ဂျီယံ အသင်း ဖြစ်တဲ့ ကလပ်ဘရုဂျ်တို့ဟာ ချန်ပီယံလိဂ်(၁၆) သင်းအဆင့် တက်လှမ်းခွင့်ရရှိထားတာဖြစ်ပါတယ်။ **ငွေကြယ်**


### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၂)ရပ်ကွက်၊ အောင်မြေသာ (၁)လမ်း၊ အမှတ်(၅၁၄–၅၁၃)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် အဆောက်အဦ၏ မှန်ခန်း(ခြေရင်း) (ဘီ–၂) တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဒေါ်သိန်းတိုး [၈/ရစက(နိုင်)၀၀၅၃၆၈]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက တိုက်ခန်းရောင်းဖိုး စရန်ငွေများကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စုစုမာ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝဏ္ဏစည်သူမိုး**
**အထက်တန်းရှေ့နေ(စဉ်–၄၇၁၃၂)**
**အမှတ်(၁၈၉)၊ မင်းရဲကျော်စွာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၉၄၄၂၀၁၇၄**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဦးအုန်းမောင်လမ်း၊ အမှတ် (၁၄၁)တွင် တည်ရှိသည့် အကွက်အမှတ်(၂၅)၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ ဦးပိုင်အမှတ် (၅/၂/၃)၊ မြေကွက်အမှတ်(၁၄)၊ ဧရိယာ (၀.၀၅၅)ဧကရှိ ဦးစိုးဝင်း အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ ဧရိယာ(၀.၀၂၇)ဧက၊ ပေ(၂၀x၆၀)ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ဝင်းမြင့် (ဘ) ဦးကြီးရဲ့ [၁၂/သဃက(နိုင်)၀၉၂၀၅၉]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ခင်အေးမာ [၁၂/သကတ(နိုင်)၀၈၅၈၆၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်အေးမာ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သီရိဦး (LL.B)(LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၂၃၀)**
**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း– ၀၉–၄၂၀၁၉၇၈၆၊ ၀၉–၇၉၉၂၉၁၈၃**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)

သဃ်ာန်းကျွန်းခရိုင်တရားရုံး

၂၀၂၂ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်–၄

| | | |
|---|---|---|
| ဦးတင်ဦး | နှင့် | ၁။ ဒေါ်အေးအေးရီ |
| | | ၂။ ဦးလှမြင့် |
| | | ၃။ ဦးစိုးလင်းဟန် |
| **(လျှောက်ထားသူ)** | | **(လျှောက်ထားခံရသူများ)** |

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှု(၁)လမ်း၊ အမှတ်–၁၁၂နေ (ယခုနေရပ်လိပ်စာမသိ)သူ အမှတ်(၂)လျှောက်ထားခံရသူ ဦးလှမြင့်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ပါရမီလမ်း၊ ပထမထပ်၊ အမှတ်–၂၀နေ(ယခုနေရပ်လိပ်စာမသိ)သူ အမှတ်(၃)လျှောက်ထားခံရသူ ဦးစိုးလင်းဟန်တို့သိစေရမည်။

သင့်အပေါ်၌ လျှောက်ထားသူက "တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်း–၅၈အရ ဝရမ်းခွာပေးပါရန်လျှောက်ထားမှု"လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၂)ရက်၊ (၁၃၈၄ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေ ရှင်းလင်းရန်ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၆ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စုစန္ဒာဝင်း)**
**ခရိုင်တရားသူကြီး**
**သဃ်ာန်းကျွန်းခရိုင်တရားရုံး**



မူးယစ်ကို

ပစ်

ပန်းတိုင်သစ်

စိတ်သစ်

လူသစ်

ဘဝသစ်



### "လုပ်ငန်းအမှတ်တံဆိပ်အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်၊ Time City Building Complex Office Tower(2 A)၊ ၂၅လွှာတွင် တည်ရှိသော Bur Ma Studio Company Limited (ကုမ္ပဏီမှတ်ပုံတင်အမှတ်–၁၃၄၀၇၄၇၄၄)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်–

BURMA STUDIO

**မှတ်ပုံတင်စာချုပ်အမှတ်–၇၀၀၄/၂၀၂၂ (၃၀–၈–၂၀၂၂)**

အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည် အမှတ်အသားများကို မိမိတို့ကုမ္ပဏီ၏ လုပ်ငန်းအမှတ်တံဆိပ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။

ထိုအမှတ်တံဆိပ်အမှတ်အသားကို မိမိတို့ကုမ္ပဏီမှ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားအဖြစ် ပုံနှိပ်ခြင်းနှင့် မှတ်တမ်းတင်အချက်အလက်များကိုပြန်လည်ထုတ်လုပ်ခြင်း၊ အသံဖမ်းခြင်းနှင့် တေးသီချင်းထုတ်လုပ်ဆောင်ရွက်ခြင်း၊ Creative Art၊Social/Direct Marketing၊ ရုပ်သံအစီအစဉ်ထုတ်လွှင့်ခြင်းဆိုင်ရာ စီစဉ်ဆောင်ရွက်ခြင်း၊ အနုပညာရပ်ဆိုင်ရာဖန်တီးမှုနှင့် ဖျော်ဖြေတင်ဆက်လှုပ်ရှားမှုများစသည့်ဝန်ဆောင်မှုလုပ်ငန်းများအား မြန်မာနိုင်ငံတစ်ဝန်း ဝန်ဆောင်မှုပေးသွားမည့်အပြင် ယင်းလုပ်ငန်းအမှတ်တံဆိပ်များအား ဒီဇိုင်းပုံစံ၊ နောက်ခံအရောင်၊ အရွယ်အစားအမျိုးမျိုးတို့ကို ရိုက်နှိပ်အသုံးပြု၍ Social Media များ၊ Websiteများ၊ Facebook၊ သတင်းစာ၊ ရုပ်မြင်သံကြား၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင်လည်းကောင်း၊ လက်ကမ်းစာစောင်များ၊ ဆိုင်းဘုတ်များ၊ စတေကာအမျိုးမျိုးအစရှိသည်တို့ဖြင့် ခေတ်နှင့်အညီပေါ်ပေါက်လာသည့် နည်းပညာတို့တွင် ထည့်သွင်းကြော်ငြာ အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ လုပ်ငန်းအမှတ်တံဆိပ်ကို မိမိတို့ကုမ္ပဏီ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပုံတူပုံမှား၊ ဆင်တူယိုးမှား၊ Logo စာလုံးများ၊ ပုံစံတူထင်ယောင်ထင်မှား မှိုင်းမြဲတုပခြင်း၊ အတုအပပြုလုပ်ခြင်းများ ပြုလုပ်၍သုံးစွဲခြင်းမပြုပါရန်နှင့် အကယ်၍ တုပအသုံးပြုနေခြင်းများ တွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**Bur Ma Studio Co.,Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မေသဇင်မြင့် (LL.B,LL.M)**
**အထက်တန်းရှေ့နေ (စဉ်–၄၈၇၁၇)**
**ဖုန်း–၀၉–၂၅၇၃၁၁၁၉၂**

## ASG Bancorp Microfinance Limited

### ဒါရိုက်တာနုတ်ထွက်ခြင်း၊ ဒါရိုက်တာအသစ်ခန့်အပ်ခြင်း

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ(၁၂)ရက်နေ့တွင် ကျင်းပခဲ့သော ကုမ္ပဏီ၏ အထူးအစည်းအဝေးတွင် **ဒေါ်ဇာခြည်ကျော်ဝင်း [၁၂/သခန(နိုင်)၀၉၅၃၅၆]** သည် ဒါရိုက်တာအဖွဲ့မှ မိမိသဘောဆန္ဒအလျောက် နုတ်ထွက်ခဲ့ခြင်းကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်မှစ၍ အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့ပြီး နောင်တွင် ဒေါ်ဇာခြည်ကျော်ဝင်းသည် **ASG Bancorp Microfinance Limited** ၏ ငွေကြေးစီမံခန့်ခွဲမှု၊ လုပ်ငန်းဆိုင်ရာစီမံခန့်ခွဲမှုကိစ္စအရပ်ရပ်တွင် သက်ဆိုင်မှု မရှိတော့ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ Director လစ်လပ်နေရာအတွက် **မစံပယ်ထွင့်ဦး [၁၂/မဂတ(နိုင်)၀၉၅၇၄၂]**အား ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ(၁)ရက်နေ့မှ စတင် တာဝန်ပေးအပ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**Mr.KAZUYUKI KIKUCHI**
**CEO**
**ASG Bancorp Microfinance Limited**

## E-Lan Trading & Services Co.Ltd

### မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၄၈ အရ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ကုမ္ပဏီစာရင်းရှင်းလင်း ဖျက်သိမ်းကြောင်းကြေညာခြင်း

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၁၉) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော အထွေထွေအစည်းအဝေးတွင် ချမှတ်သည့် အထူးဆုံးဖြတ်ချက်အရ E-Lan Trading & Services Co.Ltd ကို အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် (၂၈-၁၀-၂၀၂၂) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ကြပါသည်။ ယင်းကဲ့သို့စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် လက်မှတ်ရပြည်သူ့စာရင်းကိုင် ဒေါ်မြနု (B.Com(Q), CPA) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဦးဝင်းကျော် (B.Com,D.A) အား လက်ထောက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ (၂၈) ရက်နေ့နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းရေးအရာရှိထံ အထောက်အထား ခိုင်လုံစွာ တင်ပြပြီး၊ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း၊ ကြေညာအပ် ပါသည်။

| ဦးဝင်းကျော် | ဒေါ်မြနု |
|---|---|
| (B.Com,D.A) | (B.Com(Q), CPA) |
| လက်ထောက်စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ၂/က စံပြရပ်ကွက်၊ ကာယသုခအပြင်လမ်း၊ အမှတ် (၃၃) ဟုခေါ်တွင်သော အကျယ်အဝန်း (၁၇'x၇၀') ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ထုတ်ပေးသော မြေခွန်ပြေစာတွင် ဦးအချူးသာ အမည်ဖြင့် မြေခွန်ဆောင်ထားသော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး ကို လက်ရှိပိုင်ဆိုင်သူ ဦးအချူးသာ (ကွယ်လွန်)၏ သားသမီးများဖြစ်သော ဦးသန်းအောင် [၁၂/မဂဒ(နိုင်) ၁၉၃၀၆၀] ပါ (၄)ဦးထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထား များတင်ပြ၍ ကျွန်ုပ်ထံ ဤကြေညာချက်ပါရှိသည့်ရက်မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ဆုံးပါက အရောင်းအဝယ်ကို အပြီးသတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နေခြည်ဝင့် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၈၄)**
**အမှတ်-၅၆၅၊ အခန်း-၁၀၃/ဒီ၊ MAC Tower၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၄၂၅၃၂၃၃၉၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာစာ

ရန်ကုန်တိုင်းဒေသကြီး၊သဃ်န်းကျွန်းမြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ်(၄၉)၊မြေကွက်အမှတ်(၂+၃)၊ ဧရိယာ(၁.၇၄၂)ဧက အကျယ်ရှိမြေပိုင်မြေကွက်အနက်မှသုဝဏ္ဏဗီလာအိမ်ရာ၊ကြိုးစက်ရုံ လမ်း(ဇေယျာသုခလမ်း)၊အမှတ်(P-7)၊အကျယ်အဝန်း(၃၀' × ၅၈')ရှိမြေကွက်သက်သက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူများဖြစ်ကြသော ဦးစုလှိုင် (၁၁/မအန(နိုင်)၀၄၂၁၂၇) + ၂တို့ထံမှကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေပေးချေပြီးဖြစ်ပါသည်။ကန့်ကွက်လို သူများရှိပါကခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဤကြေညာစာပါသည့်နေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက် မှုမရှိပါကဥပဒေနှင့် အညီဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများ သိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်အေးမြင့်(စဉ်-၇၁၅၈)
LL.B., L L.M, D.B.L
တရားလွှတ်တော်ရှေ့နေ
အမှတ်(G-1)၊အောင်ဆန်းကွင်းမြောက်ဘက်တန်း၊
မင်္ဂလာတောင်ညွှန့်မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း -၀၉-၅၁၈၆၀၄၅၊

## ရန်ကုန်မြို့၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်-၁၁၉ (၃လွှာ/ဘီ) ဟုခေါ်တွင်သော အကျယ်အဝန်း (၁၂½'x ၅၀')ရှိ တိုက်ခန်းနှင့် ပတ်သက်၍ အရောင်းအဝယ်ကို ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

၁။ အထက်ရည်ညွှန်းလိပ်စာဖော်ပြပါ တိုက်ခန်းကို အပိုင်ရောင်းချသူ ဒေါ်ဖူးပွင့်သူ [၁၂/လမတ(နိုင်)၀၃၂၆၂၈]က တရားဝင်ရောင်းချလွှဲပြောင်းခွင့်ရှိကြောင်း ကိုယ်တိုင် ဝန်ခံကတိပြု၍ ရောင်းချမည်ဟု ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းစိမ်းလဲ့ထွန်း [၁၂/တကန(နိုင်) ၁၃၄၄၅၄]က ဝယ်ယူရန် သဘောတူပြီး တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

၂။ ထိုတိုက်ခန်းရောင်းချလွှဲပြောင်းခြင်းကို မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကြော်ငြာထည့်သွင်းပါရှိသည့်ရက်မှစ၍ (၇) ရက်အတွင်း ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့် အညီ ပြီးမြောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးချစ် (LL.B) (စဉ်-၁၅၈၄၅)**
**တရားလွှတ်တော်ရှေ့နေ**
**ရွှေစံမြတ် Law Firm General Service**
**အမှတ်-၃၁ (မြေညီထပ်)၊ ၉ လမ်း၊ ၄ ရပ်ကွက်၊ လမ်းမတော်။ ဖုန်း-၀၉- ၇၇၂၆၅၂၄၁၄**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ဆောင်ရွက်မည့် ပြည်ထောင်စု/တိုင်းဒေသကြီး ရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ရန် လမ်း/တံတား/အဆောက်အဦလုပ်ငန်း များအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများ(လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့်)ကို အိတ်ဖွင့်တင်ဒါ(၃/၂၀၂၂-၂၀၂၃)စနစ်ဖြင့် ဝယ်ယူ လိုပါသည်။

| | | | |
|---|---|---|---|
| ၂။ | တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | - | (၂၈-၁၀-၂၀၂၂) |
| ၃။ | တင်ဒါစိစစ်ရွေးချယ်မည့် ရက်နှင့်အချိန် | - | (၁၀-၁၁-၂၀၂၂) |
| ၄။ | တင်ဒါစိစစ် ရွေးချယ်မည့်နေရာ | - | လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်။ |

၅။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်း ခရိုင်၊ အင်းစိန်မြို့နယ်တွင် ဤကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၁-၃၆၄၀၅၁၆၊ ၀၁-၃၆၄၀၁၉၂**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရွှေဖီခိုင်ညွှာလမ်း၊ (၄၁) ရပ်ကွက်၊ တိုက်အမှတ်(၅၉၀)ဟုခေါ်တွင်သည့် (၂ခန်းတွဲ ၆ထပ်တိုက်) အဆောက် အဦ အကျယ်အဝန်း(၁၈ပေX၅၅ပေ)ခြောက်လွှာ၊ ခြေရင်းခြမ်းတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေရှင်နှင့် ကန်ထရိုက် တာ အကျိုးတူ ကန်ထရိုက်တိုက် ဆောက်လုပ်ခြင်း စာချုပ်အရ ကန်ထရိုက်တာ ဦးဇော်မင်းထံမှ စာချုပ်အဆက်ဆက်ဖြင့် ပိုင်ဆိုင်ဝယ်ယူကာ တရားဝင်လက်ဝယ် ထားရှိပြီး ရောင်းချခွင့်ရှိကြောင်း ဝန်ခံ၍ ရောင်းသူ ဒေါ်မေဝင်းမာမာမြင့်[၁၂/ ဒဂမ(နိုင်) ၀၁၄၀၆၃]ကိုင်ဆောင်သူမှ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ကြည်ကြည်ဆွေ[၁၂/ဒဂမ(နိုင်)၀၀၇၄၈၇]မှ ကမ်းလှမ်းချက်အား သဘောတူပြီး (၂၂-၁၀-၂၀၂၂)ရက်တွင် အပြီးအပိုင်ဝယ်ယူပြီးဖြစ်ကြောင်း အများ သိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းမျက်သွယ်(LL.B, D.B.L)**
**WIPO G.C.I.P(Switzerland)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၈၃၁)**
**အမှတ်-၇၁၀၊ ပုန်းညက်လမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၆၆၃၂၈၈၀၊ ၀၉-၆၉၅၃၀၇၉၀၈**

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၂၀

| | | | |
|---|---|---|---|
| ဒေါ်မိုးမိုးစိုး | နှင့် | ၁။ | ဦးမျိုးသန့်ဇော် |
| | | ၂။ | ဦးအောင်စိုး |
| | | ၃။ | ဒေါ်မြင့်မြင့်ဦး |
| (လျှောက်ထားသူ) | | | (လျှောက်ထားခံရသူများ) |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၁) ရပ်ကွက်၊ အောင်ချမ်းသာ (၃)လမ်း၊ အမှတ် (၃၈၁) နေ ဦးအောင်စိုး၊ ဒေါ်မြင့် မြင့်ဦး (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူ ဒေါ်မိုးမိုးစိုးက ဤရုံး၏ ဇာရီမှု အမှတ် - ၂/၂၀၂၂ တွင် ဝရမ်းကပ်ထားသော ပစ္စည်းအပေါ် တရားမကျင့်ထုံး ဥပဒေအမိန့် - ၂၁၊ နည်း- ၅၈ အရ ဝရမ်းခွာလိုမှု လျှောက်ထားသည့် အကြောင်းနှင့်လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန်၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်၊ (၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၉ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရ မည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ် ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မြင့်စိုး)**
**တွဲဖက်ခရိုင်တရားသူကြီး (၂)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## (၄-၂-၂၀၂၂)ရက်စွဲပါ အမွေဝေစု အပြီးအပြတ်ခွဲဝေရယူခြင်း သဘောတူကတိစာချုပ်တွင် လက်မှတ်ရေးထိုးထားကြသည့် ဦးသိန်းမြင့် (ခ)အာဒူဂါဖွား [၆/ထဝန(နိ)၀၆၈၁၇၁]၊ ဒေါ်မြသိန်း [၁၂/ကတတ(နိုင်)၀၁၂၉၈၅]၊ ဒေါ်လှလှသိန်း(ခ) ဒေါ်စပဟီရာဘာနွှမ်း [၁၂/ပဘတ(နိုင်)၀၁၉၃၉၀]နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးလှသိန်း [၁၂/မဂတ(နိုင်)၀၅၆၂၄၁]၊ အမှတ်(၂၇)၊ (၉၈)လမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေသူ၏ လွှဲအပ် ညွှန်ကြားချက်အရ ကြေညာတောင်းဆိုအပ်ပါသည်။

ဦးအဗ္ဗဒူစတ္တားနှင့် ဒေါ်ဟာဝါဘီတို့သည် သားသမီး(၈)ဦး ထွန်းကားခဲ့ပြီး သတ္တမမြောက်သားဖြစ်သူ ဦးအောင်သိန်းသည် လူပျိုကြီးဘဝဖြင့် (၁၉-၇-၂၀၂၁) ရက်တွင် ကွယ်လွန်သွားသဖြင့် ၎င်း၏ပစ္စည်းများကို အမွေခွဲဝေယူကြရန် (၄-၂- ၂၀၂၂)ရက်တွင် သဘောတူလက်မှတ်ရေးထိုး စာချုပ်ချုပ်ဆို ထားပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးလှသိန်း တရားဝင်သဘောတူ လက်မှတ်ရေးထိုး ခြင်း မရှိဘဲ ရောင်းချပိုင်ခွင့်၊ လွှဲပြောင်းပိုင်ခွင့်မရှိကြောင်း ကြေညာပါသည်။ မရွှေ့ မပြောင်းနိုင်သော ပစ္စည်းများနှင့်ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများကို အမွေဆိုင် တစ်ဦးတစ်ယောက်ကမျှ ရောင်းချပိုင်ခွင့်မရှိပါ။ ဦးလှသိန်း၏မျက်ကွယ်၌ အသိပေးခြင်းမရှိဘဲ ရောင်းချခြင်းပြုလုပ်လျှင် ပြုလုပ်သူများ၏ တာဝန်သာဖြစ် ပါသည်။ စာချုပ်ပါပစ္စည်းများကို ဤကြေညာသည့်နေ့မှ (၇)ရက်အတွင်း ခွဲဝေပေး ရန် တောင်းဆိုပါသည်။ ပျက်ကွက်ပါက တည်ဆဲဥပဒေအရ ဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးစိန်မြင့် | ဦးညီလင်းဖေ |
|---|---|
| (စဉ် - ၁၀၉၁၆) | (စဉ်- ၃၅၃၂၆) |

**အထက်တန်းရှေ့နေများ**
**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁၈ - ၃၇၇၄၀၆**




## တစ်ဦးတည်းဖြစ်ပါကြောင်း

သထုံမြို့ အောက်ကျင်းရပ်ကွက် ဘူတာလမ်း၊ အမှတ် (၂)နေ ဦးထွန်းဝေ ၏ အမည်မှန်မှာ ဦးဆီဝါညာနွှန် [၁၀/ သထန(နိုင်) ၀၉၂၄၂၄]ဖြစ်ပါသည်။

**ဦးဆီဝါညာနွှန်**

## မိဘမေတ္တာ

ဒဂုံမြို့သစ်ဆိပ်ကမ်း၊အရှေ့ပိုင်း၊ တောင်ပိုင်း၊မြောက်ပိုင်း၊ ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ ဈေးကောင်းပေးဝယ်လိုသည်။

09 422 848 224

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ လူနေရပ်ကွက်အမှတ်(၁၂)၊မေခလာလမ်း၊မြေကွက်အမှတ်(၈၇၇/ခ)၊ ဧရိယာ (၀.၀၂၇)ဧကရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဦးကံဦး၊ ဦးကျော်လင်း၊ ဒေါ်မိုးမိုးသော်၊ ဒေါ်စိုးစိုးမော်၊ ဦးမျိုးကျော်တို့က မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်လှသိန်း [၁၂/ဥကတ(နိုင်)၁၁၇၃၈၉) ထံသို့ အပိုင်ပေးကမ်းထားပြီးဖြစ် ပါသည်။ မေတ္တာဖြင့် အပိုင်ပေးကမ်းထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါ ကြောင်း အများသိစေရန် ကြညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမောင်မောင်မျိုးလှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၀၄)**
**အမှတ်(၂၂၆/ဒုတိယထပ်)၊ ဝိဇယပလာဇာ၊ ဦးဝိစာရလမ်း၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၄၁၇၇၁၊ ၀၉-၇၉၉၈၉၆၀၉၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၁၉)ပေါ်တွင်ဆောက်လုပ်ထားသော (၈½)ထပ်တိုက်၏ မြေညီထပ်(ထပ်ခိုးပါ) Hall၊ အကျယ်အဝန်း(၂၇x၅၀)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်များကို အပျောက်စနစ်ဖြင့်ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင် ဒေါ်တင်တင်သောင်း[၁၁/စတန (နိုင်)၀၄၀၃၁၆]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| ဒေါ်အေးမြင့်ရီ | ဒေါ်စိုးစိုးမြင့် | ဦးသိန်းညွှန့် |
|---|---|---|
| BSc, DA, HGP, R.L, DBL, DML, DIL | LL.B (စဉ်-၁၀၀၆၃) | BA, HGP, R.L, DBL, DML, DIL |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၃) | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁) |

**အမှတ်-၁၀၁၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

| ဖုန်း-၀၉-၇၉၈၈၂၇၅၉၀ | ၀၉-၄၂၀၃၅၉၆၃ | ၀၉-၅၀၅၃၁၀၇ |
|---|---|---|

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ စမ်းရေတွင်းလမ်း၊ အမှတ်(၉)၊ (ပထမထပ်)၊ (ခေါင်းရင်းခန်း) အကျယ်အဝန်း (၁၂½x၅၀) ပေရှိ တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်များကို အပျောက်စနစ်ဖြင့် ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင် ဒေါ်ခင်ခင်ဆွေ [၁၂/စခန(နိုင်)၀၀၆၀၉၂]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း (မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက် နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင် နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| ဒေါ်အေးမြင့်ရီ | ဒေါ်အိဖြိုးဇင် | ဦးသိန်းညွှန့် |
|---|---|---|
| BSc, DA, HGP, R.L, DBL, DML, DIL | LL.B.,D.B.L (စဉ်-၁၅၉၇၅) | BA,HGP,R.L, DBL, DML, DIL |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၃) | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁) |

**အမှတ်-၁၀၁၊ ပထမထပ်၊ ၃၉လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

| ဖုန်း-၀၉- ၇၉၈၈၂၇၅၉၀ | ၀၉-၇၉၀၁၂၄၈၀ | ၀၉-၅၀၅၃၁၀၇ |
|---|---|---|

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေဖို့ အခြေခံဟာ "လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ" ပဲဖြစ်ပါတယ်။ ရွေးကောက်ပွဲကမှတစ်ဆင့် ရရှိလာတဲ့ ရလဒ်တွေအရ လွှတ်တော်အသီးသီးနဲ့ အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းတည်ဆောက်ပြီး နိုင်ငံတော်ယန္တရားကို လည်ပတ်ကြရပါတယ်။ ဒါ့ကြောင့် ရွေးကောက်ပွဲမှာ တိုင်းရင်းသားတွေ၊ ဒေသတွေနဲ့ နိုင်ငံအနှံ့ လူထုလူတန်းစားအလွှာအသီးသီးကို ကိုယ်စားပြုတဲ့သူတွေ ဝင်ရောက်အရွေးချယ်ခံနိုင်ဖို့နဲ့ နိုင်ငံအနှံ့ အကြားအလပ်မရှိ ရွေးကောက်ပွဲ ကျင်းပနိုင်ဖို့ လိုအပ်ကြောင်း တင်ပြလိုပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၂)တွင်ပြောကြားချက်များမှ ကောက်နုတ်ချက်)

၃၁-၇-၂၀၂၂

### ယနေ့ ဖတ်စရာ

**အိမ်ခန်းပေါင်း ၁၀၀၀၀ ပါဝင်သည့် ပြည်သူ့အငှားအိမ်ရာ စီမံကိန်းကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**

စာမျက်နှာ » ၈

**ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၁၉၈ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇၆ ဦးတွေ့ရှိ**

စာမျက်နှာ » ၂၀

## မွေးရာပါနှလုံးရောဂါဝေဒနာရှင် ကလေးလူနာ ၁၃ ဦးအား ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး-ရန်ကုန်တွင် အောင်မြင်စွာ ကုသမှုဆောင်ရွက်ပေးခဲ့



မွေးရာပါနှလုံးရောဂါကလေးလူနာကို ဗီယက်နမ်နိုင်ငံမှ ကလေးနှလုံး အထူးကုဆရာဝန် Dr. Do Nguyen Tin နှင့် ပါမောက္ခ ဒေါက်တာခင်မောင်ဦး ပါမောက္ခ (ကလေးနှလုံး)ဦးဆောင်သော ကလေးနှလုံးရောဂါ အထူးကုဆရာဝန်များပူးပေါင်း၍ နှလုံးပိုက်သွင်းစမ်းသပ်ကုသစက်ဖြင့် ကုသမှုဆောင်ရွက်နေစဉ်။

နေပြည်တော် အောက်တိုဘာ ၂၇

ကျန်းမာရေးဝန်ကြီးဌာန ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး-ရန်ကုန် နှလုံးကုသဆောင်တွင် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ Children Hospital (1)မှ ကလေးနှလုံး အထူးကုဆရာဝန် Dr. Do Nguyen Tin သည် ပါမောက္ခဒေါက်တာခင်မောင်ဦး ပါမောက္ခ(ကလေးနှလုံး) ဦးဆောင်သော ကလေးနှလုံးရောဂါ အထူးကုဆရာဝန်များနှင့်အတူ ပူးပေါင်း၍ မွေးရာပါနှလုံးရောဂါ ကလေးလူနာများအား ခွဲစိတ်ရန်မလိုဘဲ နှလုံးပိုက်သွင်းစမ်းသပ်ကုသစက် (Cardiac Catheterization Laboratory)ကို အသုံးပြု၍ ဘောလုံးဖြင့်ချဲ့၍ကုသခြင်း၊ အဆို့ဖြင့်ပိတ်၍ ကုသခြင်းများပြုလုပ်ခဲ့ရာ မွေးရာပါနှလုံးရောဂါရှင် ကလေးလူနာ စုစုပေါင်း ၁၃ ဦးကို စက်တင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်အတွင်းတွင် အောင်မြင်စွာ ကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✻

## ဇယားထိပ်ဆုံးမှ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲဆက်



ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ရန်ကုန် အောက်တိုဘာ ၂၇

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၇) နောက်ဆုံးနေ့ကို အောက်တိုဘာ ၂၇ ရက်က သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရခဲ့သည်။

လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ဇယားအောက်ဆုံးမှ ရခိုင်ယူနိုက်တက်အသင်းကို ပထမပိုင်းသွင်းဂိုးများဖြင့် အနိုင်ယူကာ ချန်ပီယံဆုအတွက်

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❂

## လီဗာပူးအသင်း ချန်ပီယံလိဂ်(၁၆)သင်းအဆင့် တက်လှမ်းခွင့်ရရှိခဲ့ပြီး ဘာစီလိုနာအသင်း ချန်ပီယံလိဂ်ပြိုင်ပွဲကနေ ထွက်ခဲ့ရ

ချန်ပီယံလိဂ်အုပ်စုအဆင့်ပွဲစဉ်(၅)ကို အောက်တိုဘာ ၂၆ ရက်ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက အေဂျက်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ချန်ပီယံလိဂ်(၁၆)သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီး ဘာစီလိုနာအသင်းကတော့ တစ်အုပ်စုတည်းကျရောက်ခဲ့တဲ့ အင်တာမီလန်အသင်းက ဗစ်တိုးရီးယား ပယ်လ်ဇန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပြိုင်ပွဲကနေထွက်ခဲ့ရပြီလည်း ဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ အေဂျက်အသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပြီး လီဗာပူးအသင်းအတွက် သွင်းဂိုးတွေကို ၄၂ မိနစ်မှာ ဆာလာ၊ ၄၉ မိနစ်မှာ နူနက်၊ ၅၂ မိနစ်မှာ အီလီယော့တို့ကသွင်းယူပေးခဲ့တာဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ အုပ်စု(A)မှာ အုပ်စုအဆင့်ဒုတိယနေရာနဲ့ ချန်ပီယံလိဂ်(၁၆)သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ○